# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday 22 June 2018 ၆၃၂၅


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ် ထိုင်းရိုးရာမျက်နှာဖုံးစွပ်အကဖျော်ဖြေပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၁

မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာမျက်နှာဖုံးစွပ်အကဖျော်ဖြေပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အားပေးသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံမှ တော်ဝင်အကအဖွဲ့နှင့် မြန်မာနိုင်ငံမှ မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့တို့ ပူးပေါင်း၍ ထိုင်းရိုးရာမျက်နှာဖုံးစွပ်အက၏ ရာမယဏဇာတ် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ဖျော်ဖြေပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီး H.E.Mr.Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုအနုသုခုမကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှု

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ အဝင်မုခ်ဦး၌ ခင်းကျင်းပြသထားသည့် ထိုင်းနိုင်ငံသမ္မဆက်တက္ကသိုလ် ထိုင်းခါဒီသုတေသနဌာန၏ ပုဂံမြို့ဟောင်းရှိ မဟာသိမ်တော်ကြီး ဥပေါသဒခန်းမရှိ နံရံဆေးရေးပန်းချီပုံတူများနှင့် ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုသည်။

### နှုတ်ခွန်းဆက်စကား

ထို့နောက် ထိုင်းရိုးရာမျက်နှာဖုံးစွပ်အကဖျော်ဖြေပွဲကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Jukr Boon-Long နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Jukr Boon-Long က ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပန်းချီပြပွဲ၊ မျက်နှာဖုံးစွပ်အကဖျော်ဖြေပွဲ၊ ထိုင်းရုပ်ရှင်ပွဲတော်နှင့် ထိုင်းအစားအစာပွဲတော်တို့ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အထိမ်းအမှတ်လှုပ်ရှားမှုများ ပြုလုပ်နေစဉ်ကာလတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ထိုင်းနိုင်ငံကို ၎င်း၏ ပထမဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် လာရောက်ခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရာထူးတာဝန်ကို စတင်ထမ်းဆောင်စဉ်က ၎င်း၏ပထမဆုံး နိုင်ငံတကာခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ လာရောက်ခဲ့ပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံအကြားတွင် ယနေ့ညကပြမည့် ရာမယဏဇာတ်ကဲ့သို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၅

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၅

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေး အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ ဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ - ၈


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# အပြုသဘောဆောင် သုံးပွင့်ဆိုင်ညှိနှိုင်းဆောင်ရွက်

သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာရေးထိုးခြင်းနှင့် မြန်မာအစိုးရက စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းတို့နှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂက ထောက်ခံအားပေးကြောင်း ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ဇွန် ၂၀ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်ကိုသိရသည်။

ဥရောပသမဂ္ဂက ထောက်ခံအားပေးကြောင်းထုတ်ပြန်သည့်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်က ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ယေဘုယျလေ့လာတွေ့ရှိချက်များကို ပြန်လည်တင်ပြသည်။ အထူးကိုယ်စားလှယ်က မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သိမ်မွေ့နက်နဲရှုပ်ထွေးမှုတို့အပေါ် အသိအမှတ်ပြုခဲ့ပြီး အသိုက်အဝန်းများအကြား သဘောထားကြီးမားစွာကွဲလွဲနေမှုကြောင့် ပြန်လည်သင့်မြတ်ရေးအပါအဝင် နေရပ်စွန့်ခွာသွားသူများ ပြန်လာရေးအတွက် သင့်လျော်ကောင်းမွန်သည့်အခြေအနေများ ဖန်တီးပေးရန်လိုအပ်နေမှု၊ လွတ်လပ်စွာသွားလာခွင့်နှင့်လုံခြုံရေးလိုအပ်နေမှုတို့နှင့် UNDP၊ UNHCR တို့နှင့် လက်မှတ်ရေးထိုးခဲ့သော MoU ကို ဆောလျင်စွာအကောင်အထည်ဖော်ရေးတို့ကို ပြောကြားခဲ့သည်။

အထူးကိုယ်စားလှယ်၏ ပြောကြားခဲ့မှုများနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ချက်များမှာ လိုလားချက်အားဖြင့် တူညီမှုရှိသည်ဟု ဆိုနိုင်သည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဖြစ်စဉ်အခြေအနေမှန်များကို မှန်မှန်ကန်ကန်သိရှိရန်လိုအပ်ပြီး သိမ်မွေ့လေးနက်စွာဆောင်ရွက်ရန် လိုအပ်သည်။ ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အား "အသိုက်အဝန်းများအကြား ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးအတွက် သည်းခံမှုဖြင့် အချိန်ယူကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ ပံ့ပိုးကူညီမှုလည်းလိုအပ်ကြောင်း၊ အသိုက်အဝန်းများအကြား မသင့်မမြတ်မှုများမှာ ရှေးယခင်ကပင် တည်ရှိနေခဲ့ပြီး ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ယိုယွင်းလာခဲ့ကာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သောARSA၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွန်စွာဆိုးရွားသည့်အခြေအနေသို့ရောက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာသွားလာခွင့်မရှိခြင်းမှာ လုံခြုံရေးအခြေအနေအရ စိုးရိမ်သဖြင့် မသွားရဲကြခြင်းသာဖြစ်ကြောင်း၊ ယင်းအတွက် ရခိုင်ပြည်နယ်၌ တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ပမှ အမုန်းပွားစေသော သဘောထားအမြင်များက အသိုင်းအဝိုင်းနှစ်ခုအကြား ပိုမိုကွဲပြားမှုဖြစ်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြဿနာအားရှေ့ဆက်လက်၍ မည်သို့ဖြေရှင်းမည်ကို အလေးပေးဆောင်ရွက်ရန် လိုအပ်ကြောင်း" စသည်ဖြင့် ပြန်လည်ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ သိရှိနားလည်ထားရန်တို့နှင့် လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်မှုတို့ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရှင်းရှင်းလင်းလင်းပြောကြားထားပြီးဖြစ်ရာ သုံးပွင့်ဆိုင်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့် မြန်မာအစိုးရ၏ ဆောင်ရွက်မှုများနှင့်ပတ်သက်၍ အပြုသဘောဆောင် အကောင်းမြင်စိတ်ထားနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး စိတ်ရှည်သည်းခံမှု၊ အချိန်ယူဆောင်ရွက်မှုတို့ဖြင့် သိမ်မွေ့နက်နဲသော ပြဿနာကို ရှုပ်ထွေးခြင်းမဖြစ်အောင် ဆွေးနွေးညှိနှိုင်းအဖြေရှာကာ အလေးထားဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၀**

ပညာရေးဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ အစိုးရတို့ပူးပေါင်းကျင်းပသော မူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေမူဘောင်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူညီချက်အရ ဖြစ်ပေါ်လာသော Trade Related Aspects of Intellectual Property Rights (TRIPS Agreement)တွင် ဖော်ပြထားသည့် စံနှုန်းနှင့်ကိုက်ညီမှုမရှိခဲ့သည့်အပြင် စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် ဒေသဆိုင်ရာအညွှန်း (Geographical Indications - GI) များနှင့် စပ်လျဉ်းပြီး လုံလောက်စွာ အကာအကွယ်ပေးမည့် ဥပဒေများမရှိခဲ့သည့်အတွက် ခေတ်နှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာစံနှုန်းမီသော ဥပဒေမူဘောင်တစ်ရပ်ကို ဖန်တီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေမူကြမ်းများရေးဆွဲပြီး လွှတ်တော်သို့ တင်ပြခဲ့ကာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီတွင် ဆက်လက်ဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ အနေဖြင့်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ GI အနေဖြင့် အကာအကွယ်ပေးခြင်းဖြင့် ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး ကုန်အမှတ်တံဆိပ်တုပမှုနှင့် ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ ဝင်ရောက်လာမှုကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှုစနစ်ကို တည်ဆောက်ရန်နှင့် သုံးစွဲသူများအတွက် ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီး နိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန မူပိုင်ခွင့်ဌာနအနေဖြင့် French Development Agency (AFD) နှင့်ပူးပေါင်း၍ GI နှင့် သက်ဆိုင်သော ပညာပေးဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ၂၀၁၄ ခုနှစ်မှ စတင်၍ GI ကဏ္ဍအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် AFD နှင့် ပူးပေါင်းပြီး ၂၀၁၅ ခုနှစ် မတ်လတွင် GI အနေဖြင့် အကာအကွယ်ရယူနိုင်သည့် အလားအလာရှိသော ထုတ်ကုန်များကို စတင်ပြုစုခဲ့ကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၌ အလားအလာရှိသော GI ထုတ်ကုန် ငါးမျိုးကို အတည်ပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် ဆန်ကို အဓိကစားသုံးပြီး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အတွက် GI အနေဖြင့် အကာအကွယ်ရယူနိုင်ရေးအတွက် အလားအလာအကောင်းဆုံးထုတ်ကုန်အဖြစ် ရွှေဘိုပေါ်ဆန်းကို ရွေးချယ်ခဲ့ကာ ၂၀၁၆ ခုနှစ်မှ စ၍ ရွှေဘိုပေါ်ဆန်း Project စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ တစ်ကြိမ် စုစုပေါင်းအလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ်ကို AFD နှင့် ပူးပေါင်းကျင်းပခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Oliver Richard က အမှာစကား ပြောကြားခဲ့သည်။ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ စင်ကာပူနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးမှ အာဆီယံနိုင်ငံများအတွက် Agricultural Counsellor ဖြစ်သူ Mr. Sebastien Bouvatier၊ ပြင်သစ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ပမှကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၂၀**

| | | |
|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၅၀၀၀ - | ၉၃၅၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၅၀၀၀ - | ၉၃၅၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၅/၉၀၅ ကျပ်၊ | ၉၃၀/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၃၀ ကျပ်၊ | ၉၇၀/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၈၇၅ ကျပ်၊ | ၉၁၅/၉၃၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၃/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၉၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**


| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၁.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၆.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၇၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၇၁၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၁၄၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၂.၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၆၃ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၉.၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၈.၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၀**

အင်ဂျင်နီယာ ဦးကျော်လင်း (ဆောက်လုပ်ရေး) ရေးသားထုတ်ဝေသော "သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ" စာအုပ် ထွက်ရှိလာသည်။




အဆိုပါ စာအုပ်တွင် "မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်မှ ထိရောက်စွာ ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းများ၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ ဆောက်လုပ်ရေး နည်းလမ်းများအပြင် အဆောက်အအုံ၏ အစိတ်အပိုင်းများတွင် ဖြစ်တတ်သော ချွတ်ယွင်းချက်၊ အားနည်းချက်များကို အားဖြည့်ပြုပြင်ပေးနိုင်သည့် နည်းလမ်းအချို့ကိုပါ ဆွေးနွေးတင်ပြထားသည်ကို တွေ့ရသည်။

ထိုသို့ တင်ပြရာတွင် အတွေ့အကြုံကို အခြေခံ၍လည်းကောင်း၊ ပြည်တွင်း ပြည်ပမှ ရင်းမြစ်များကို မှီငြမ်းပြု၍လည်းကောင်း စီမံပြုစုထားသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၌ မကြာခဏ တွေ့ကြုံနေရသော သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ပြဿနာများနှင့် တိုက်ရိုက် သက်ဆိုင်နေသဖြင့် စာဖတ်သူများ စိတ်ဝင်စားပြီး အကျိုးရှိစွာ အသုံးပြုနိုင်လိမ့်မည်ဟု ယူဆပါသည်"ဟု ပါမောက္ခ ဒေါက်တာ ဦးညီလှငယ်၏ အမှာစာတွင် ဖော်ပြထားသည်။

**ကြေးမုံ**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခင်းကျင်းပြသထားသည့် နံရံဆေးရေးပန်းချီပုံတူများကို ကြည့်ရှုစဉ်။

* ရှေ့ဖုံးမှ

တူညီသောယဉ်ကျေးမှုအနုပညာများ ပျံ့နှံ့လျက်ရှိပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို နည်းလမ်းအမျိုးမျိုးဖြင့် တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုင်း-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့်မြောက်ခြင်းသည် ယဉ်ကျေးမှုကဏ္ဍတွင် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အထိမ်းအမှတ်အခမ်းအနားပွဲများကို ဆက်တိုက်ဆောင်ရွက်နေခြင်းသည် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ခင်မင်ရင်းနှီးမှုကို တိုးတက်စေပြီး နှစ်နိုင်ငံ၏ အနာဂတ်အောင်မြင်မှုများကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တော်ဝင်အကအဖွဲ့နှင့် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့တို့ ပူးပေါင်း၍ ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အက၏ ရာမယဏဇာတ်ကို ဇာတ်တော်ဖွင့်ခန်း၊ လေးတော်တင်ခန်း၊ သီတာဒေဝီကို ခိုးယူခန်း၊ ရာမမင်းနှင့် ဒသဂီရိတို့ စစ်ခင်းခန်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီး H.E.Mr. Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Jukr Boon-Long တို့က ဂုဏ်ပြုပန်းလက်ဆောင် ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ထိုင်းရိုးရာ မျက်နှာဖုံးစွပ်အက ဖျော်ဖြေပွဲကို ဇွန် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ထပ်မံဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၀/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင် ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့်ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီးလှဦးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
အမှတ်၊ ၄၈/ ၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်)နေ့တွင် စတင်အာဏာတည်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ သတ်မှတ်လိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**တောင်ကြီး ဇွန် ၂၁**

ယနေ့လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကို ဇွန် ၂၁ ရက်က တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာ မောင်ခွန်နွယ်(အင်းလေး)က မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် အနာဂတ်လူငယ်များ၊ မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးတပ်ဖွဲ့စုမှူး ရဲမှူးမြင့်ထူးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပညာပေးဆိုင်ရာများ၊ ခရိုင်ပညာရေးမှူး ဦးကိုကိုနိုင်က ယနေ့ပညာရေးနှင့် ကျောင်းသားလူငယ်၊ ဒုတိယခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ နန်းဆိုင်ဇင်က အရွယ်သုံးပါးလုံးနှင့် ပတ်သက်သော ကျန်းမာရေး၊ ခရိုင်ဥပဒေအရာရှိ ဒေါ်နန်းသီရိနွယ်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေများ၊ ခရိုင်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းက တရားစီရင်ရေးတွင် ရင်ဆိုင်နေရသော အမှုအခင်းဆိုင်ရာများ စသည့်ခေါင်းစဉ် အသီးသီးဖြင့် အကျယ်တဝင့် ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည့်အချက်များနှင့် သဘောထားများကို မေးမြန်းဆွေးနွေးကြပြီး မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူနှင့် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**





ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နော်ဝေ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး H.E.Mr. Nikolai Astrup တို့ တွေ့ဆုံဆွေးနွေးစဉ်။

○ ကျောဖုံးမှ

တွေ့ဆုံပြီး နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ရခိုင်ပြည်နယ်အတွင်း လူမှု-စီးပွား တိုးတက်မှုအခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးခဲ့ကာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Humanitarian Dialogue စင်တာ၏ အမှုဆောင် ဒါရိုက်တာ Dr. David Harland နှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပူးတွဲကျင်းပ**

(၁၆)ကြိမ်မြောက် အော်စလိုဖိုရမ်ကို နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Humanitarian Dialogue စင်တာတို့က ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

## လွှတ်တော်ရေးရာ

❖ ကျော်ဖုံးမှ

ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

### အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ်က ကော်မရှင်သည် အမျိုးသားပညာရေးမူဝါဒများ ချမှတ်ခြင်း၊ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုမည့် အကြံပြုအစီရင်ခံစာများ ပြုစုခြင်းနှင့် သုတေသနများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုနိုင်မည့် လုပ်ငန်း၊ ဆောင်ရွက်နိုင်မည့်အင်အားနှင့် လိုအပ်ချက်ရှိမှု အခြေအနေ၊ လူသားအရင်းအမြစ်အင်အား၊ ငွေကြေးအင်အား၊ ရင်းနှီးမြှုပ်နှံမှုအရ ပြန်လည်ရရှိနိုင်မည့် အကျိုးရလဒ်၏ တွက်ခြေကိုက်မှုအခြေအနေ (Cost Effectiveness)၊ ရေရှည်အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု အခြေအနေ စသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစား၍ မူဝါဒချမှတ်ဆောင်ရွက်နိုင်ရေးအတွက် အချက်အလက်စုဆောင်းခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်း အစရှိသည်တို့ကို အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် မည်သည့်အကြောင်းအရာကို မည်သည့်အတွက်နှင့် မည်သည့်အတွက်ကြောင့် မူဝါဒချမှတ်ရန် လိုအပ်သည်၊ မည်သို့ အကောင်အထည်ဖော် ဆောင်ရွက်မည်၊ ရလဒ်ကို မည်သို့ဆန်းစစ်အဖြေထုတ်၍ လိုအပ်ချက်ကို မည်သို့ ဖြည့်စွမ်းမည်၊ မိဘပြည်သူများကို မည်သို့ အသိပေးမည် စသည်တို့ကိုလည်း ထည့်သွင်းတွက်ချက်ရပါကြောင်း၊ ထို့ကြောင့် ကော်မရှင်သည် လိုအပ်ချက်ကို အခြေခံ၍ လက်တွေ့ကျပြီး ဖြစ်သင့်သော မူဝါဒများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချမှတ်အကြံပြုလျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးဥပဒေ ၂၀၁၄ နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၂၀၁၅ တို့နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆ - ၂၀၂၁ တွင် ဖော်ပြထားသည့် ဦးစားပေးလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာစီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် စနစ်သစ်ပညာရေးကို ပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် ပြည်သူများ မျှော်လင့်နေသည့် နိုင်ငံတကာအဆင့်မီ လူငယ်မောင်မယ်များကို ပြုစုပျိုးထောင်သည့်အခါတွင် အခြေခံပညာကို သင်ယူပြီးမြောက်မှသာ တက္ကသိုလ်ပညာရပ်များကို သင်ယူနိုင်သည့်အဆင့် ရောက်ရှိအောင် စနစ်သစ်ပညာရေးကို ကူးပြောင်းဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူ တိုးတက်မှုဦးရေကို သုံးနှစ်တာကာလ နှိုင်းယှဉ်မည်ဆိုပါက ၂၀၁၅ -၂၀၁၆ ပညာသင်နှစ်တွင် ၈ ဒသမ ၆ သန်းကျော်၊ ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်တွင် ၈ ဒသမ ၈၉ သန်းနှင့် ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် ၉ ဒသမ ၁၇ သန်းအထိ ဖြစ်ပါကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အပြင် အဓိကအခက်အခဲရှိနေသည့် ဒေသများကို ဦးစားပေးဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူဦးရေ တိုးတက်များပြားလာသကဲ့သို့ နှစ်အလိုက် အတန်းကူးပြောင်းမှု အခြေအနေသည်လည်း အလယ်တန်း၊ အထက်တန်း၌ ကျောင်းသား ကျောင်းသူ ဦးရေ သိသိသာသာ တိုးတက်များပြားလာပါကြောင်း။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား ကျောင်းသူများကို သင်ယူမှုအခွင့်အလမ်းရရှိရုံ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းသာ မဟုတ်ဘဲ သင်ယူမှုအခွင့်အလမ်း မြင့်မားလာသကဲ့သို့ ပညာရေးအရည်အသွေးမြင့်မားစေရန်အတွက် ဆရာ ဆရာမများကို သင်တန်းပေးခြင်း၊ ဘာသာရပ်ဆိုင်ရာ အရည်အသွေးများ မြှင့်တင်ပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ကျောင်းသုံးဖတ်စာအုပ်များ အသစ်ပြုစု ဖြန့်ဝေပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ဆရာ ဆရာမများကို မွမ်းမံသင်တန်းများပေးခြင်းနှင့် မူလတန်းပညာသင်ယူနေသူအားလုံးကို မူလတန်းပညာ သင်ယူပြီးမြောက်ရေးအတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါအတိုင်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

သင်ယူမှုအားကောင်းစေရန်နှင့် တစ်သက်တာသင်ယူနိုင်စေရန် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများအဖြစ် ပြုစုပျိုးထောင်နိုင်ရန် ကလေးများကို ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ကလေးငယ်များကို ပြုစုပျိုးထောင်မည့် ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားရေးနှင့် ကျား၊ မ အချိုးမျှတရေး၊ သင်တန်းများတိုးချဲ့ရေး၊ Grade 3 ပြီးသွားသည့် မူလတန်းကျောင်းသား ကျောင်းသူတိုင်း စာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်မှသာ တစ်သက်တာ ဆက်လက်သင်ယူနိုင်သူများ ဖြစ်လာမည် ဖြစ်ပါကြောင်း။

အရှိုးစွဲနေသည့် အလွတ်ကျက်မှတ်မှုမှ စဉ်းစားတွေးခေါ်မှုကို အားပေးမြှင့်တင်နိုင်စေရန် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်ယူသူများအားလုံး စာဖတ်ရန်နှင့် အသုံးချသုတေသနများကို ဆောင်ရွက်ပြီး သုတေသနရလဒ်များမှ သုတေသနစာတမ်းများ ပြုစုခြင်း၊ သုတေသနစာတမ်းဖတ်ကြားခြင်း၊ သုတေသနဂျာနယ်များတွင် ရေးသားပြုစုပြီး နက်နက်နဲနဲ သင်ကြားသင်ယူရင်း Deep Learning ကို ဆရာနှင့် သင်ယူသူတို့ များများဆွေးနွေးနိုင်မှသာ Quality Education ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအနေဖြင့်လည်း ပထမတန်းစား ပညာရေးဖြစ်မှသာ လုပ်သားဈေးကွက်အတွင်းတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကျွမ်းကျင်သူများကို ပြုစုပျိုးထောင်ပေးနိုင်မည် ဖြစ်သည့်အပြင် Quality Education ကို ဦးတည်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် မိဘများ၊ ဆရာများ၊ ပြည်သူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စုပေါင်းအင်အားဖြင့်သာ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအမှတ် ၃ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပြန်လည်ရှင်းလင်း တင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း အတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြရာတွင် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မတီသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့၌ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို တင်ပြခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လ ၁၁ ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာခွန်ဝင်းသောင်း၊ ဦးစိုးသိန်း (ခ) ဦးမောင်စိုးနှင့် ဦးမျိုးဝင်းတို့က ပြင်ဆင်ချက်များ တင်သွင်း၍ အကြံပြုဆွေးနွေးခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ကော်မတီသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကြားနာညှိနှိုင်းသည့် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇွန်လ ၁၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်ကောင်စီနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါကြောင်း။

ယင်းသို့ ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် အကြံပြုဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်များကို သဘောတူလက်ခံခဲ့ကြပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ အရ ထပ်မံအစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အဆိုတင်သွင်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

### ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် အဋ္ဌမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ၁၀ ရက် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးအပိုင်းတွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေအပါအဝင် ဥပဒေ ခြောက်ခုကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ဥပဒေကြမ်း လေးခုကိုလည်း ပေးပို့ထားပါကြောင်း။

ယခုအစည်းအဝေးကာလတွင် ဥပဒေပြုရေးလုပ်ငန်းများအပြင် နိုင်ငံတော်သမ္မတက အဆိုပြုခန့်အပ် တာဝန်ပေးလိုသည့် ပြည်ထောင်စုဝန်ကြီးတစ်ဦးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးတို့အတွက် လွှတ်တော်၏ သဘောတူညီချက်ရယူပေးခဲ့ပြီး ဒုတိယဝန်ကြီးတစ်ဦးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး လေးဦး ခန့်အပ်တာဝန် ပေးအပ်ခြင်းတို့ကိုလည်း လွှတ်တော်က မှတ်တမ်းတင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးမြှင့်ခြင်းနှင့် စပ်လျဉ်းသည့်သဝဏ်လွှာ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးခံယူရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Card) ထုတ်ပေးခြင်းအပါအဝင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ ရှင်းလင်းတင်ပြချက်၊ အရေးပေါ် ရန်ပုံငွေ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်တစ်ခု၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာအမှတ်(၃)တို့ အပါအဝင် အစီရင်ခံစာ သုံးခု၊ ပြည်ထောင်စုလွှတ်တော် ပထမသက်တမ်း ငါးနှစ်ကာလနှင့် ဒုတိယသက်တမ်း ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်နှင့် ရယူထားသည့် ပြည်ပချေးငွေဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ရှင်းလင်းတင်ပြပြီး လွှတ်တော်က ဆွေးနွေးမှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့တင်ပြလာသည့် အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် နှစ်ခု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူခြင်းကိစ္စရပ်တစ်ခုတို့ကိုလည်း ဆွေးနွေးအတည်ပြုခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မကြာခင်ကာလတွင် ပြန်လည်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်မှုအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးနိုင်ရေး အပါအဝင် အခြားသောလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် မဲဆန္ဒနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီသို့ ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက် နောက်ဆုံးထားပေးပို့ တင်ပြကြရန် ညွှန်ကြားချက် ထုတ်ပြန်အကြောင်းကြားခဲ့ပါကြောင်း၊ သို့သော်လည်း မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ယနေ့အထိ သုံးမြို့နယ် ပေးပို့တင်ပြရန် ကျန်ရှိနေပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့် လုပ်ငန်းပြီးစီးမှုများကို အမြန်ဆုံးပေးပို့ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့် လုပ်ငန်းများအတွက် ပိုလျှံငွေများကိုလည်း သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲမှတစ်ဆင့် ပြန်လည်အပ်နှံကြရန် အသိပေးပြောကြားလိုပါကြောင်း။

ထို့အပြင် နောင်လာမည့် ဘဏ္ဍာနှစ်အတွက် မဲဆန္ဒနယ်မြေအလိုက် ဦးစားပေးလုပ်ငန်းများကို ကြိုတင်လေ့လာစိစစ်ထားကြစေလိုပါကြောင်း၊ မြို့နယ်အလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ခွင့်ပြုဘဏ္ဍာနှစ်အတွင်း ပြီးစီးရန်တာဝန်ယူ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအားလုံးအတွက် ငွေပေးချေခြင်း အပါအဝင် အထောက်အထားများ စုံလင်စွာ ထိန်းသိမ်းထားရှိပြီး စနစ်တကျ စစ်ဆေးမှုခံယူနိုင်ရေး အလေးထားဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

လွှတ်တော်အသီးသီး၏ လွှတ်တော်အစည်းအဝေးများ ရပ်နားထားစဉ်ကာလတွင် မိမိတို့၏ မဲဆန္ဒနယ်မြေအသီးသီးတွင်ရှိသည့် ပြည်သူတို့၏ မှန်ကန်သည့်အသံကို နားထောင်ပြီး နယ်မြေဒေသအလိုက် လိုအပ်ချက်များကို ဥပဒေနှင့်အညီ တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင်ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ည)၏ နောက်တွင် ပုဒ်မခွဲ (ဋ)နှင့် (ဌ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်း ပညာရပ်ပြန့်ပွားရေးအတွက် အမျိုးသားအဆင့် အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၉။(က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ခြောက်ဦး၊ စုစုပေါင်းအဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင်ပါရှိသော "အသင်းအဆင့်ဆင့်" ဆိုသည့်စကားရပ်များကို "အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များ"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဍ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဍ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်များအတွက် အသင်းခွဲအမှုဆောင်အဖွဲ့များကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့် အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကိုလည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။"

၇။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ထ)၏ နောက်တွင် ပုဒ်မခွဲ (ဒ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကိုဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကို အထွေထွေအတွင်းရေးမှူး အဖြစ် ခန့်အပ်ရမည်။"

၈။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ် အသင်းခွဲများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံတင်မြှောက်ခြင်းကိုလည်းကောင်း အတည်ပြုနိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

## ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉ ။)

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေတွင် ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန" ဆိုသည့် စကားရပ်များကို "ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ည-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည-၁) **လွှမ်းမိုးပိုင်ခွင့်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားအဖွဲ့အစည်းတစ်ခုတွင်မဲပေးခွင့်၊ အဖွဲ့ဝင်ပိုင်ဆိုင်ခွင့် သို့မဟုတ် အစုစပ်ပိုင်ဆိုင်ခွင့်၏ ၅၀ ရာခိုင်နှုန်းထက် ပိုမိုသော ပမာဏကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ထားသည့် ပိုင်ဆိုင်မှုအခြေအနေ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်ခွင့်ရစေသည့် ပိုင်ဆိုင်မှုအခြေအနေကို ဆိုသည်-

(၁) အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့ သို့မဟုတ် စီမံခန့်ခွဲမှု ကော်မတီ၏ ၅၀ ရာခိုင်နှုန်းအထက်ကို ခန့်ထားနိုင်ခြင်း၊

(၂) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းများကို ကွပ်ကဲသော အဆင့်မြင့်အမှုဆောင်အရာရှိများအား ခန့်ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ အဆင့်ချထားခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်း၊

(၃) အခြားအဖွဲ့အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း၊

(၄) အခြားအဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသောနေရာမှ ပါဝင်ခြင်း၊

(၅) အခြားအဖွဲ့အစည်းတစ်ခု၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲနိုင်ခြင်း၊

(၆) အခြားအဖွဲ့အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့မဟုတ် ဝန်ဆောင်မှုပုံစံ၊ စည်းကမ်းသတ်မှတ်ချက်များ၊ နှုန်းထားများကို ဆုံးဖြတ်ရာတွင် သိသိသာသာ လွှမ်းမိုးမှု ပြုနိုင်ခြင်း။"

(ခ) ပုဒ်မခွဲ (ဋ)၏ နောက်တွင် ပုဒ်မခွဲ (ဋ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ-၁) **ယာယီလိုင်စင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားသူ၏လုပ်ငန်းလိုအပ်ချက်၊ နည်းပညာပိုင်းဆိုင်ရာ ဖြစ်နိုင်ခြေရှိမှုနှင့် အခြားလိုအပ်သည့် သတင်းအချက်အလက်များအတွက် အချိန်ပေးလေ့လာရန် လိုအပ်မှုတို့အပေါ် မူတည်၍ ကောင်စီကထုတ်ပေးသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်ကို ဆိုသည်။"

(ဂ) ပုဒ်မခွဲ (ဒ)၏ နောက်တွင် ပုဒ်မခွဲ (ဓ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဓ) **အခြားအဖွဲ့အစည်း** ဆိုသည်မှာ ပုဂ္ဂလိက သတင်းစာလုပ်ငန်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း နှစ်ခုအနက် တစ်ခုခုကို ပိုင်ဆိုင်ထားရှိပြီး ကျန်လုပ်ငန်း တစ်ခုကို လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။"

၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အရင်းအမြစ်၊ လှိုင်းနှုန်းစဉ်ကြီးကြပ်ရေးနှင့်<br>စံချိန်စံညွှန်းဌာနကြီး၊ ဆက်သွယ်ရေး<br>ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>ရုပ်မြင်သံကြားနှင့်<br>အသံလွှင့်ကောင်စီ | အဖွဲ့ဝင် |
| (ဇ) | ကိုယ်စားလှယ်တစ်ဦး<br>အများပြည်သူဝန်ဆောင်မှု<br>ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း<br>လုပ်ငန်းများ | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်<br>စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်<br>အသံထုတ်လွှင့်သူများအသင်း | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်တစ်ဦး<br>ကွန်ပျူတာပညာရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး" |

၅။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဎ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဎ) လိုင်စင်နှင့်ယာယီလိုင်စင်များထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် ရုပ်သိမ်းခြင်း။"

၆။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၄။ ကောင်စီသည် ဤဥပဒေအရ ပေးအပ်ထားသောတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ရုံးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။"

၇။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်တစ်နှစ်။"

၈။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၅ ၏ နောက်တွင် ပုဒ်မ ၄၅-က နှင့် ပုဒ်မ ၄၅-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၅-က။ ယာယီလိုင်စင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၅-ခ။ ကောင်စီသည် ပုဒ်မ ၄၅-က အရ လျှောက်ထားချက်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ယာယီလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄၇ တွင် ပါရှိသော "စီးပွားရေးအရ ထုတ်လွှင့်သည့်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၀ တွင် ပါရှိသော "လုပ်ငန်းတစ်ခုစီထက်ပို၍" ဆိုသည့် စကားရပ်၏နောက်တွင် "တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၀ ၏ နောက်တွင် ပုဒ်မ ၅၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၅၀-က။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုအား တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကောင်စီက အဆုံးအဖြတ်ပေးနိုင်သည်။"

၁၂။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၁။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန်တစ်ခုတွင် ပုဂ္ဂလိက သတင်းစာလုပ်ငန်းကိုဖြစ်စေ၊ ပုဂ္ဂလိက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုဖြစ်စေ ပူးတွဲပိုင်ဆိုင်ခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ခုတွင် လွှမ်းမိုးပိုင်ခွင့်ကိုရရှိထားပါက အခြားလုပ်ငန်းတစ်ခုကို ၃၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ခွင့်မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အမြစ်ပြတ်ရှင်းလင်းကြရတော့မည့် မူးယစ်ဆေးဝါးပြဿနာ

■ သန်းဖြိုးနိုင်(ကညင်ကျိုး)

ပြီးခဲ့သည့် မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ၈၇၀ ရှိခဲ့ပြီး ကျူးလွန်သူ ၁၂၃၁ ဦးကို အရေးယူနိုင်ခဲ့ကြောင်း ဇွန်လ ၁၀ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ခဲ့ရသည်။ ယခုဇွန်လအတွင်းတွင်လည်း နေ့စဉ်ဆိုသလို မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုသတင်းများ ကြားသိနေရသလို ကြားသိရသည့် သတင်းများအရ မူးယစ်ဆေးဝါးများကို ပြည်တွင်းမှာသာ သယ်ယူဖြန့်ဖြူးရောင်းချနေရုံမဟုတ်တော့ဘဲ ပြည်ပနိုင်ငံများအထိပါ ပို့ကုန် တစ်ခုသဖွယ် တင်ပို့နေကြသည်အထိ ဖတ်ခဲ့၊ မြင်ခဲ့ရသည်။ ပြီးခဲ့သည့်မေလ ၂၈ ရက်နေ့တွင် မလေးရှားဆိပ်ကမ်းတွင် မြန်မာနိုင်ငံဆိပ်ကမ်းမှ ထွက်ခွာလာသည့် သင်္ဘောကွန်တိန်နာထဲထည့်ပြီး ပို့ဆောင်ခဲ့သည့် အမေရိကန်ဒေါ်လာ ၁၈ သန်းတန်ဖိုးရှိ မက်သာအမ်ဖက်တမင်း စိတ်ကြွရူးသွပ်ဆေးအလေးချိန် ၁ ဒသမ၂ တန်ခန့်ကို မလေးရှားအကောက်ခွန်က စံချိန်တင်ဖမ်းဆီးရမိခဲ့သည် ဆိုသည့် သတင်းလည်းကြားခဲ့ရသည်။ ထိုမူးယစ်ဆေးဝါးများတင်ပို့သည့် မြန်မာနိုင်ငံမှ အဓိကတရားခံကိုလည်း လွန်ခဲ့သည့်ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က မိထားပြီးပြီဆိုသည့် သတင်းကိုလည်းတွေ့ခဲ့ရသည်။ ထို့အပြင် မလေးရှား နိုင်ငံတွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် မြန်မာနိုင်ငံသား နှစ်ဦးပါဝင်မှု အပေါ် စစ်ဆေးချက်များအရ မြန်မာပြည်မြောက်ပိုင်း ရှမ်းပြည်နယ်ထဲတွင်ဆေးပြားချက်ပြီး ထုတ်လုပ်သည့်စခန်း ၃၇ ခု၏ တည်နေရာများနှင့်သယ်ယူဖြန့်ဖြူးသည့် လမ်းကြောင်းများကို သတင်းမီဒီယာ များသို့ ထုတ်ဖော်ပြသခဲ့သည့် သတင်းတစ်ခုလည်းမြင်ခဲ့ရသည်။

**နိုင်ငံတော်သမ္မတကလည်း ညွှန်ကြားထားရှိ**

ထိုသို့ ပေါများလာနေသည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများအပေါ် နိုင်ငံတော်သမ္မတအနေဖြင့်လည်း မေလ ၃၁ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ခေါ်ယူတွေ့ဆုံခဲ့ပြီး လူငယ်များ မူးယစ် ဆေးဝါးသုံးစွဲမှုများ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပိုမိုများပြားလာ သည်ကို သိရှိရသည့်အတွက် အနာဂတ်လူငယ်များကို လူညွှန့်တုံးစေသည့် အပေါ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သဖြင့် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုအားထည့် ဆောင်ရွက်သွားစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ တွင် ကုလသမဂ္ဂ သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူ များအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပြီး မူးယစ်ဆေးဝါးစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း နှင့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း ညွှန်ကြားခဲ့သည်ကိုလည်း ဖတ်ခဲ့ရသည်။

**ဇွန်လအတွင်း ကြီးမားသည့် ဖမ်းဆီးရမိမှုများ**

ဇွန်လ ၂ ရက်နေ့က ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ပြည်နယ် ဖမ်မြို့နယ် မဲယင်ခရိုင် ရဲစစ်ဆေးရေးဂိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၁၄၉၃၆၀၀၀ ကို အစိမ်းရောင် အိတ် ၇၅ အိတ်နှင့်ထုပ်ပြီး သယ်ဆောင်လာစဉ်ဖမ်းမိခဲ့ သည့်အပေါ် စစ်ဆေးချက်အရ မြန်မာနိုင်ငံ ရှမ်းပြည်နယ်အတွင်း မူးယစ် ဆေးဝါးစက်ရုံကြီး ၃၇ ရုံကနေ တစ်နေ့ သန်းရာချီထွက်သည့် စိတ်ကြွရူးသွပ် ဆေးများကို ထိုင်း၊မြန်မာနယ်ခြားဒေသတွင် မူးယစ်နှိမ်နင်းရေးများ တိုးမြှင့် လုပ်ဆောင်လာနေသည့်အတွက် ထိုင်းနိုင်ငံအတွင်းပိုင်း ဒေသဆီအလုံး အရင်း သယ်ဆောင်ပြောင်းရွှေ့လာနေကြစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည့် သတင်းတစ်ခုကိုလည်း ဖတ်ခဲ့ကြရပြီး ဖြစ်မည်ထင်သည်။ ထို့အပြင် ဇွန်လ ၁၀ ရက်နေ့တွင် မူးယစ်ဆေးဝါး မက်သာအမ်ဖက်တမင်းဆေးပြား ၂၉၅ သန်းခန့် ပြုလုပ်နိုင်သည့် ဆိုဒီယမ်ဆိုင်ယာနိုက် ၁၅ တန်ခန့်ကို မြန်မာ နိုင်ငံ ရန်ကုန်မြို့သို့ ပို့ဆောင်ရန်သယ်ယူလာစဉ် တာချီလိတ်မြို့၌ ဖမ်းဆီး ရမိခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုသတင်းများကို ကြားခဲ့၊ ဖတ်ခဲ့ရအပြီး နောက်ဆုံးသတင်းအဖြစ် ဇွန်လ ၁၈ ရက်နေ့တွင်လည်း ပုသိမ်ကြီးမြို့နယ်ရှိ နေအိမ်တစ်ခုအတွင်းမှ မူးယစ်ဆေးဝါးချက်ရာတွင် အသုံးပြုသည့် အီသာ အရည်လီတာပေါင်း ၂၄၀၀၀၊ ကန့်ကီလို ၂၇၀ တို့ကို မန္တလေးတိုင်းဒေသကြီး မူးယစ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရပြန်သည်။

**ကမ္ဘာက အာရုံစိုက်လာခဲ့ကြ**

ထိုကဲ့သို့ ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ခဲ့ကြသည့် မူးယစ်ဆေးဝါး အများအပြားကို မိမိနိုင်ငံအတွင်းတွင် လည်းကောင်း၊ အခြားအိမ်နီးချင်း နိုင်ငံများနှင့် အာဆီယံနိုင်ငံများအပြင် နောက်ဆုံးသတင်းများအရဆိုလျှင် နယူးဇီလန်နိုင်ငံရှိ လမ်းကြားများအထိပင် မူးယစ်ဂိုဏ်းများက ဖြန့်ဖြူးနေကြ သည့်အတွက် ယနေ့အချိန်တွင် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးကပင် အာရုံစိုက်လာသည်အထိ ဖြစ်နေခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ထိုကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု ဆိုင်ရာရုံး အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတွင်း ကိုယ်စားလှယ် ဂျရမီဒေါက်ဂလက်စ်က "ကျွန်တော်တို့ မြန်မာနိုင်ငံထဲကို ကြည့်မယ် ဆိုရင် အကောင်းဆုံးအရည်အသွေးရှိတဲ့ မက်(မက်သာအမ်ဖက်တမင်း)တွေကို ထုတ်နေပါတယ်၊ ဒီလိုပမာဏများများ ထုတ်လုပ်ပြီး တင်ပို့ကြတဲ့ သွင်းအားစု တွေဟာ ဒေသတွင်းဝယ်လိုအားမြင့်တက်ပြီး ဈေးကောင်းရနိုင်တဲ့ နိုင်ငံတွေ ဖြစ်တဲ့ ဩစတြေးလျ၊ နယူးဇီလန်တို့ကို ချိတ်မိသွားခဲ့ပါတယ်"လို့ ဆိုခဲ့သည် အထိ ဖြစ်ခဲ့ရသည်။ သို့အတွက် ထိုမူးယစ်ဆေးဝါးများနှင့်ပတ်သက်ပြီး မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်စသည့် မဟာမဲခေါင်ဒေသ တွင်း နိုင်ငံများမှ မူးယစ်တိုက်ဖျက်ရေး ထိပ်တန်းအရာရှိများသည်လည်း ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံးမှ ကိုယ်စား လှယ်များနှင့် ပြီးခဲ့သည့် လပိုင်းက နေပြည်တော်တွင် တွေ့ဆုံခဲ့ကြပြီး ဒေသ တွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ထိန်းချုပ်ရန် မဟာဗျူဟာသစ်၊ အစီအစဉ် သစ်များကို ဆွေးနွေးခဲ့ကြကြောင်းလည်း သိရသည်။

**အသိပညာပေးစာပေပြိုင်ပွဲ၊ ဟောပြောမှုများပြုလုပ်**

ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်တော့မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အတွက်လည်း အကြိုဆောင်ရွက်မှုများအနေဖြင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြပြီး ထိုပြိုင်ပွဲ များမှ ဆုရရှိကြသူများစာရင်းကိုလည်း ထုတ်ပြန်ပေးခဲ့သည်ကို တွေ့ရသည်။ ဇွန်လ ၁၈ ရက်နေ့တွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲတစ်ရပ်ကိုလည်း ပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။

**အနာဂတ်လူငယ်များအတွက် အလွန်အန္တရာယ်ကြီးမား**

ယနေ့အချိန်တွင် ပေါများလာနေသည့် မူးယစ်ဆေးဝါးများကို မျိုးဆက်သစ်လူငယ်များမှာ အလွယ်တကူ ဝယ်ယူသုံးစွဲကြကာ မူးယစ် သားကောင်ဘဝ ရောက်မှန်းမသိ ရောက်နေကြကြောင်း၊ ဖမ်းဆီးရမိသည့် ဖြစ်စဉ်တိုင်းတွင် ဖမ်းဆီးရမိသည့် ပမာဏမှာ အလွန်များပြားကြောင်း၊ အချို့ နေရာများတွင် တရားမဝင်လက်နက်များ ကိုင်ဆောင်ထားကြသည်ကိုပင် တွေ့လာရကြောင်း သတင်းများတွင် တွေ့ရသည်။ ထိုသို့ ပေါများလာသည့် မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ဆောင်၊ သိုလှောင်၊ ရောင်းချ၊ ဖြန့်ဖြူးသူများ၏ နောက်ဆက်တွဲဆိုးကျိုးများကို အများအားဖြင့် လူငယ်များ လက်ငင်းခံစား နေကြရကြောင်းလည်း သတင်းများတွင် တွေ့လာနေရသည်။ လူငယ်သဘာဝ အပျော်အဖြစ် မူးယစ်ဆေးကို သုံးစွဲမိရာက အနည်းအကျဉ်းပမာဏမိရုံဖြင့်ပင် ထောင်ထဲကို ရောက်သွားကြသည့် သူများမှာ မနည်းတော့ကြောင်း၊ ၎င်းတို့၏ တန်းဖိုးရှိလှသည့်အချိန်များကို အချုပ်ခန်းအတွင်းမှာပင် ကုန်ဆုံးနေရကြောင်း၊ အကျဉ်းချခံထားရသူ သုံးပုံနှစ်ပုံသည် မူးယစ်ဆေးသုံးစွဲမှုကြောင့် ရောက်ရှိ လာသည့်သူမှာ အများဆုံးဖြစ်ကြောင်းနှင့် ထိုအထဲတွင် လူငယ်အများစု ပါဝင်နေကြောင်း ကိုယ်တိုင်တွေ့ကြုံခံစားနေရသည့် မူးယစ်သားကောင်ဖြစ် ခဲ့ရသည့် လူငယ်တစ်ဦးက ပြောကြားခဲ့သည်ကိုလည်း ဖတ်ခဲ့ရဖူးသည်။ ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအထဲတွင်ပင် အကျဉ်းထောင်များအတွင်းမှ စာတော်သည့် လူငယ်လေးများ ပါဝင်နေ ကြောင်းကိုလည်း တွေ့ရသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်ပေးခဲ့ရ**

အဆိုပါကဲ့သို့ ပေါများလာနေသည့် မူးယစ်ဆေးဝါးများနှင့် ပတ်သက် ပြီး ဥပဒေရှုထောင့်မှ လေ့လာကြည့်သည့်အခါ ယခင် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေ" အရဆိုလျှင် "ဆေးဝါးသုံးစွဲသူသည် ကျန်းမာရေး ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဌာန (သို့မဟုတ်) ဤကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားသည့် ဆေးကုဂေဟာတွင် မှတ်ပုံတင်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊ ဆေးကုသရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ချမှတ်ခြင်းခံရ မည်"ဟု ပြဋ္ဌာန်းထားသည့်အတွက် စမ်းသပ်သုံးစွဲခဲ့ကြသည့် လူငယ်များ ၏ အနာဂတ်အရေးမှာ ရင်လေးစရာကောင်းခဲ့ပြီး ပြစ်ဒဏ်များအသီးသီး ကျခံကြရလျက်ရှိရာ ယခုအချိန်တွင်အဆိုပါ ဥပဒေကိုလည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေ အမှတ် (၆/၂၀၁၈)ဖြင့် ပြန်လည်ပြင်ဆင်ပေးခဲ့ပြီးဖြစ်သည်ကို တွေ့ရသည်။

ယခင်က ဆေးခြောက်ဟု ယူဆရသည့် အရွက်ခြောက် တစ်ကျပ်သား လောက် လက်ဝယ်တွေ့ရှိရုံဖြင့် ထောင်ဒဏ်ပြစ်ဒဏ်ကျခံရလျှင် ယခု နောက်ပိုင်း မူးယစ်ဆေးဝါးများသည် ပုံသဏ္ဌာန်မျိုးစုံဖြင့် ထွက်လာနေပြီး လူငယ်များအကြားတွင် ပျံ့နှံ့မှုအားကောင်းလာသည့်အတွက် ဥပဒေ ပိုင်းအရကြည့်လျှင် လူငယ်များအတွက် အတော်ပင်စိုးရိမ်စရာဖြစ်လာခြင်း ပင်ဖြစ်သည်။ ထိုပေါများလာနေသည့် မူးယစ်ဆေးဝါးများသည် လူငယ်များအကြားတွင် ပျံ့နှံ့မှုအားကောင်းလာသည်နှင့်အမျှ လူငယ်များ အနေဖြင့်လည်း လက်တည့်စမ်းလိုခြင်း၊ လူငယ်သဘာဝ အပျော်သဘောဖြင့် စမ်းသပ်ကြည့်လိုခြင်း၊ အပေါင်းအသင်းများမှ မဲဆွယ်သဖြင့် သုံးစွဲမိခြင်းများ ပြုလုပ်ချိန်တွင် ထောင်ကျသွားနိုင်သည့် အခြေအနေအထိ ရှိနေသဖြင့် လူငယ်များအကြား အသိပညာပေးဟောပြောခြင်းများကို နိုင်ငံအနှံ့အပြား တွင် ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရတော့မည် ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် ယခုနောက်ပိုင်း ဖမ်းဆီးရမိမှုပမာဏ အလွန်များပြားလာနေသည့် မူးယစ်ဆေးဝါးများအပေါ် အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် တားဆီးနှိမ်နင်းသွားရန် အချိန်တန် နေပြီဖြစ်ပါကြောင်းနှင့် တောရောမြို့ပါမကျန် ရောက်ရှိပျံ့နှံ့နေသည့် မူးယစ်ဆေးများ၏ နောက်ဆက်တွဲ လူငယ်များ မူးယစ်သားကောင် များအဖြစ်ကျရောက်နေကြရသည့် အန္တရာယ်မှကင်းလွတ်စေရေးအတွက် ထုတ်လုပ်သည့် နေရာများ၊ လက်ကားဖြန့်သည့် ပင်မဒိုင်ကြီးများ၊ လက်လီပြန်ဖြန့်ကြသည့် အရောင်းအဝယ်သမားများနှင့် ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သူများအားလုံးကို အမြစ်ပါမကျန် ရှင်းလင်းသွားကြရန် အချိန်တန်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

> "ယခုနောက်ပိုင်းတွင် ဖမ်းဆီးရမိမှုပမာဏ အလွန်များပြားလာနေသည့် မူးယစ်ဆေးဝါးများ အပေါ် ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိ ရောက်ရောက် တားဆီးနှိမ်နင်းသွားရန် အချိန်တန်နေပြီ ဖြစ်ပါကြောင်းနှင့် ယနေ့အချိန်တွင် တောရော မြို့ပါမကျန် ရောက်ရှိပျံ့နှံ့နေသည့် မူးယစ်ဆေးများ၏ နောက်ဆက်တွဲအဖြစ် သုံးစွဲမိကြသည့် လူငယ်များအတွက် မူးယစ်သားကောင်များအဖြစ် ကျရောက်နေကြရသည် ဖြစ်သည့်အတွက် ထိုအန္တရာယ်မှ ကင်းလွတ်စေရေးအတွက်ဆိုလျှင် ပြင်ပထုတ်လုပ်သည့် နေရာများ၊ လက်ကားဖြန့်သည့် ပင်မဒိုင်ကြီးများ၊ လက်လီပြန်ဖြန့်ကြသည့် အရောင်းအဝယ် သမားများနှင့် ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သူများအားလုံးကို အမြစ်ပါမကျန် ရှင်းလင်း သုတ်သင်သွားကြရန် အချိန်တန်နေပြီဖြစ်ပါကြောင်း. . ."

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်ခြင်း

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့၏ ရည်မှန်းတောင့်တရာဖြစ်သော ထာဝရငြိမ်းချမ်းရေးဖြစ်သည့် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရေးတို့ကို ရည်သန်၍ ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်းတွင် ရွှေပါရမီတောရဆရာတော် ဘဒ္ဒန္တဆန္ဒာဓိက၏ မတည်လှူဒါန်းမှု၊ ခုနစ်ရက်သားသမီး အလှူရှင်များ၏ ပေါင်းစုကောင်းမှုဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို တည်ထားလျက်ရှိသည်။

ယင်းသို့တည်ထားကိုးကွယ်ရာတွင် ထေရဝါဒသာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာ မဟာမင်္ဂလာ အခမ်းအနား ကိုးမျိုးနှင့်အညီ ဖြစ်စေရေးအတွက် ထာဝရငြိမ်းချမ်းရေးစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံ ဩဝါဒခံယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မဟာမင်္ဂလာကိုးမျိုးအနက် အနန္တရာယိက မြေသန့် မဟာမင်္ဂလာ၊ ရတနာပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာ၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာတို့ကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ဇွန် ၁၉ ရက်တွင် သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ကျင်းပခဲ့ပြီး အောက်ဖော်ပြပါ မဟာမင်္ဂလာ ငါးမျိုးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ခ) ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ



(ဂ) အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ
(ဃ) ရွှေထီးတော်တင် မဟာမင်္ဂလာ
(င) မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ

သို့ဖြစ်ပါ၍ ထာဝရငြိမ်းချမ်းရေးဖြစ်သော မြတ်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်မျက်မြင် ရရှိနိုင်စေရန်၊ နိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် နိုင်ငံသူနိုင်ငံသားများအနေဖြင့် ထာဝရငြိမ်းချမ်းရေး စေတီတော်တည်ဆောက်ရေးတွင် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ နေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးသောင်းဝင်း ညွှန်ကြားရေးမှူး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) ရုံးအမှတ်(၃၁) နေပြည်တော် ဖုန်း-၀၉-၄၂၀၇၀၁၄၆၃၊ ၀၆၇-၃၄၀၆၂၇၆
(ခ) ဦးမောင်မောင်မျိုး ညွှန်ကြားရေးမှူး ထာဝရငြိမ်းချမ်းရေးစေတီတော်ပရိဝုဏ် နေပြည်တော် ဖုန်း-၀၉-၂၁၃၂၁၉၁၊ ၀၆၇-၃၅၅၀၁၈၃
(ဂ) ဦးကြင်ခိုင် ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၈၃၄၇၁၊ ၀၁-၆၆၁၂၇၅
(ဃ) ဦးကျော်စိန်ဝင်း ညွှန်ကြားရေးမှူး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (၆၂)လမ်း မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၀၁၀၀၊ ၀၉-၄၃၁၂၅၃၇၃၊ ၀၂-၆၆၁၁၁၃
(င) ဦးရဲအောင်နိုင် စီမံဌာနမှူး ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၃၃၀၅၂၂၅၈
(စ) ဦးထွန်းအောင်ငွေ ရုံးအဖွဲ့မှူး ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း- ၀၉-၇၃၂၄၄၁၄၇၊ ၀၁-၃၇၁၀၈၉
(ဆ) ဦးကျော်နိုင်ထွန်း ရုံးအဖွဲ့မှူး ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၀၀၀၃၁၈၀၊ ၀၁-၂၉၂၁၆၉
(ဇ) ဦးမြင့်အုန်း ရုံးအဖွဲ့မှူး ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့ရုံး ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၀၆၇၇၂၈၉၊ ၀၁-၆၆၁၀၀၂
(ဈ) ဦးမောင်မောင်ဦး အတွင်းရေးမှူး ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း- ၀၉-၇၇၇၀၃၅၄၉၈
(ည) ဦးချစ်ကိုကို ရုံးအဖွဲ့မှူး ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၇၉၇၁၃၁၈၇၃
(ဋ) ဦးစိုးလင်း ဥက္ကဋ္ဌ မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ရုံး၊ မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၂၀၀၁၇၆၇
(ဌ) ဦးသိန်းထွန်း ရုံးအဖွဲ့မှူး မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၄၄၄၀၄၄၄၇၅
(ဍ) ဦးသိန်းထွန်း ဥက္ကဋ္ဌ မန္တလေးတောင်တော်ဂေါပကအဖွဲ့ရုံး မန္တလေးတိုင်းဒေသကြီး ဖုန်း-၀၉-၂၀၁၂၄၀၂

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မေလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဇွန် ၂၁**

အလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၅၈၉၄ ဦး၊ မ ၁၀၀၅၀ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၅၉၄၄ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၈ခုနှစ် မေလအတွင်း လက်ခံရရှိမှု ၁၆၁ မှုတွင် ကျေအေးမှု ၅၄ မှု၊ ပြည်နယ်နှင့် တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၂၃ မှု၊ ပိတ်သိမ်းမှု ငါးမှု၊ ငွေကြေးအကျိုးခံစားခွင့် ၇၉ မှုတို့ဖြစ်ပြီး အလုပ်သမား ၁၅၄ ဦးအတွက် ငွေကျပ် ၅၁၅၄၉၆၆၁ နှင့် အမေရိကန်ဒေါ်လာ ၅၀၀ ကို ခံစားစေသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၃၈၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၄၄ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများကို ပညာပေးဟောပြောပို့ချမှု ၂၉၁ ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ငါးမှုနှင့် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၂၀ ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၈၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၇၅၀ အတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၆၄၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား မေလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေး ဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး သုံးရုံ၌ ပြင်ပလူနာ ၈၀၀၇ ဦး၊ အတွင်းလူနာ ၇၁၇ ဦး စုစုပေါင်း ၈၇၂၄ ဦး၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်း၊လူမှုဖူလုံရေး-ကဝဲလ်ဆေးခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း သုံးခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၆၈၆၃၄ ဦး၊ အလုပ်သမားဆေးရုံကြီး သုံးရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု ငါးကြိမ်တွင် ၁၁၇၂ ဦး၊ လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု ၉၂ ကြိမ်တွင် ၂၇၆၁ ဦးတို့ကို ဆေးကုသမှုပေးနိုင်ခဲ့သည်။

**သတင်းစဉ်**

# ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြခဲ့သော "ငြိမ်းချမ်းရေးစကားဝိုင်းများမှသည်---"ဆောင်းပါး ပထမကော်လံ "ငြိမ်းချမ်းရေးအတွက် ကြိုးပမ်း" ခေါင်းစဉ်ငယ်၏ စာကြောင်းရေ ငါးကြောင်းမြောက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ '၁၀ ဖွဲ့' အစား 'ရှစ်ဖွဲ့'ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **စာတည်း**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အထွေထွေစီးပွားရေးသမဝါယမအသင်း ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အထွေထွေစီးပွားရေး သမဝါယမအသင်း အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးမြင့်ဝေက အသင်း၏နှစ်ပတ်လည်အစီရင်ခံစာ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး ရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှု အခြေအနေများကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အထွေထွေစီးပွားရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးရဲနိုင်က အသင်းဝင်များကိုယ်စား မန်နေဂျာ ဦးထွန်းဦးအား အမှတ်တရလက်ဆောင် ပစ္စည်းပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းသားအသင်းသူများက အထွေထွေ ဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



# ဖိတ်ခေါ်ပွဲဆယ်ပြိုင်ပွဲတွင် MIC အသင်းနှင့် VUC အသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဇွန် ၂၁**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် MIC အသင်းအတွက် ရည်ရွယ်ကျင်းပသည့် Imperial Cup 2018 ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက အား/ကာသိပ္ပံ (ရန်ကုန်) ၌ ကျင်းပရာ GV Athletic အသင်း အနိုင်ရပြီး MIC အသင်းနှင့် VUC အသင်းတို့ သရေကျခဲ့သည်။

နောက်ဆုံးနေ့တွင် GV Athletic အသင်းက Titans XII အသင်းကို ၁၃ ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရပြီး MIC အသင်းနှင့် VUC အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

အုပ်စုပွဲများအပြီးတွင် MIC အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်၊ VUC အသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ငါးမှတ်၊ GV Athletic အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်၊ Titans XII အသင်းက သုံးပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။ အုပ်စုပွဲများအပြီးတွင် အမှတ်အများဆုံးရသည့် MIC အသင်းနှင့် VUC အသင်းက ဗိုလ်လုပွဲက စားရမည်ဖြစ်ပြီး GV Athletic အသင်းနှင့် Titans XII အသင်းက တတိယနေရာလုပွဲကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေး အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့ဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပပြီးစီး




**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အကြိုပြင်ဆင်နိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ကဏ္ဍအလိုက် ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအပေါ် ပြန်လည်သုံးသပ်သည့်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးလှမောင်ရွှေ၊ ဦးဇော်ဌေး၊ ဦးအောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်းနှင့် ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ တက်ရောက်ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ဇွန် ၁၉ ရက်နှင့် ၂၀ ရက်တို့က ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည့် ရလဒ်များအပေါ် ပြန်လည်ရှင်းလင်းတင်ပြကြပြီး သုံးသပ်ဆွေးနွေးကြသည်။

### ကဏ္ဍအလိုက်ဆွေးနွေး

နိုင်ငံရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးခင်ဇော်ဦးကလည်းကောင်း၊ စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေကလည်းကောင်း၊ လူမှုရေးကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူး ဦးဇော်ဌေးကလည်းကောင်း၊ မြေယာ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ ဆွေးနွေးပွဲရလဒ်များနှင့် စပ်လျဉ်း၍ ဒေါက်တာဝါဝါမောင်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်ဦးက ဆွေးနွေးပွဲများတွင် ယခင်စုစည်းခဲ့သည့် စုစည်းချက်များ၊ မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက ရရှိခဲ့သည့်အချက်များ၊ CSO ဖိုရမ်က တင်ပြလာသည့်အချက်များကို မူတည်ပြီး ကဏ္ဍအလိုက် ဆွေးနွေးကြရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့၏ ရပ်တည်ချက်တစ်ခုကို ရရှိခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသည် အောင်မြင်ပါကြောင်း၊ ယခုကဲ့သို့အစည်းအဝေးများကို မကြာခဏ ပြုလုပ်သင့်ပါကြောင်း၊ တတိယအကြိမ် ညီလာခံပြီးစီးပါက လုပ်ငန်းကော်မတီအစည်းအဝေးကို မကြာခဏ ဆောင်ရွက်ကြပြီး ညီလာခံကို ခြောက်လတစ်ကြိမ်ကျင်းပနိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် တင်ပြနိုင်ရန်အတွက် ကဏ္ဍအလိုက်ရလဒ်များကို စုစည်းနိုင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အစိုးရ၏ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့မှ ဦးဂျင်မီက "လူမှုရေးကဏ္ဍမှာတော့ မူဝါဒအဆိုပြုချက် ၁၀ ချက် ရထားပါတယ်၊ ၁၀ ချက်လုံးက ပြည့်ပြည့်စုံစုံ လုပ်ထားပါတယ်၊ နိုင်ငံရေး၊ စီးပွားရေး ကဏ္ဍတွေမှာလည်း သူ့ကဏ္ဍနဲ့သူ တင်ပြနေကြပါတယ်၊ ဆက်ပြီး ဆွေးနွေးသွားဖို့လည်း ရှိပါတယ်၊ ဒုတိယအကြိမ် ပြည်ထောင်စုသဘောတူညီချက် လေးချက် လူမှုရေးကဏ္ဍမှာ ရထားပြီးပါပြီ၊ မွန်အမျိုးသား နိုင်ငံရေးဆွေးနွေးပွဲက တက်လာတဲ့စာတမ်းနဲ့ CSO တွေဘက်က တင်ပြလာတဲ့ စာတမ်းရှိပါတယ်၊ အဲဒီစာတမ်းနှစ်ခုပေါ်မှာ အခြေခံပါတယ်၊ နောက်ပြီး စာတမ်းတစ်ခု၊ နှစ်ခု တက်လာဖို့ရှိတယ်လို့လည်း ပြောပါတယ်၊ စာတမ်းတွေအပေါ်အခြေခံပြီး ဆွေးနွေးပါတယ်၊ စာတမ်းတွေကလည်း တော်တော်ကောင်းပါတယ်၊ ကျွန်တော်တို့ လေးလေးစားစား ဆွေးနွေးပါတယ်၊ ရလဒ်တွေက တတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံအတွက် အကျိုးဖြစ်မယ်လို့ပြောလိုပါတယ်"ဟု ပြောကြားသည်။

**မျိုးမြင့်(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံးတို့ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၂၁**

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC)တို့ ပူးပေါင်းဖွင့်လှစ်သည့် Risk Assessment in Public Procurement အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများနှင့် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး (UNODC) မှ ကျွမ်းကျင်သူများဖြစ်ကြသည့် Mr.Constantine Miltchev Palicarsky၊ Ms. Cornelia Anna Kortl တို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌက ပြည်သူ့ဘဏ္ဍာရန်ပုံငွေ၏ အသုံးစရိတ်များတွင် ဝယ်ယူရေးလုပ်ငန်းများသည် ကြီးမားသော အချိုးအစားရှိသည့်အပြင် ဤနေရာသည် ဌာနဆိုင်ရာ ဝန်ထမ်းအကြီးအမှူးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန်ထိတွေ့ချိတ်ဆက်မိနိုင်သောနေရာဖြစ်သဖြင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ ဘေးအန္တရာယ် အများဆုံးရှိသည့် နေရာဖြစ်ကြောင်း၊ OECD ၏ ၂၀၁၃ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာ့နိုင်ငံများတွင် အစိုးရ၏ ဝယ်ယူဖြည့်တင်းရေးလုပ်ငန်း (Procurement)အတွက် သုံးစွဲငွေများ၏ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးသွားကြရသည်ဟု ဖော်ပြထားကြောင်း။

### ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှု


မိမိတို့နိုင်ငံတွင်အဂတိလိုက်စားမှုကြောင့် လေလွင့်ဆုံးရှုံးမှုသည် အဆိုပါပျမ်းမျှရာခိုင်နှုန်းထက်ပင် များစွာပိုမိုနိုင်ကြောင်း၊ မကြာမီတွင် ပြည်သူ့ဘဏ္ဍာရန်ပုံငွေများကို စည်းမျဉ်း၊ စည်းကမ်းဖောက်ဖျက်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးရမှုများမဖြစ်ပေါ်စေရန် တားဆီးကာကွယ်ရေးမှာ ကော်မရှင်၏ လုပ်ငန်းတာဝန်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့်ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် UNODC ၏ နည်းပညာအကူအညီဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်အတွက် အလွန်အရေးပါသည့် အဆိုပါလုပ်ငန်းကို ကော်မရှင်တစ်ခုတည်းကဆောင်ရွက်၍မရနိုင်ပါကြောင်း၊ အစိုးရ၏ ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းများတွင် ဦးစီးဦးဆောင်ပြုလုပ်နေသည့် တာဝန်ရှိသူများက မိမိတို့တာဝန်ယူရသော အခန်းကဏ္ဍအလိုက် အဂတိလိုက်စားမှုမဖြစ်စေရေး ကိုယ်တိုင်က ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ယူမှုရှိရန်က ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့က စောင့်ကြည့်လေ့လာမှုများပြုလုပ်ရန်၊ ဆန်းစစ်သုံးသပ်ရန်နှင့် စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရန်တို့အတွက် ဆွေးနွေးနေကြခြင်းသည် တစ်နည်းအားဖြင့် ဝယ်ယူရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေများ လျော့နည်းကျဆင်းလာစေရန် တားဆီးကာကွယ်မှု ပြုလုပ်နေခြင်းလည်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC)မှ ကျွမ်းကျင်သူ Mr. Constantine Miltchev Palicarsky က အမှာစကားပြောကြားသည်။

### ဇွန် ၂၂ ရက်အထိ ကျင်းပသွားမည်

ဖွင့်ပွဲအခမ်းအနားအပြီးတွင်အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ UNODC မှ ကျွမ်းကျင်သူများဖြစ်ကြသည့် Mr.Constantine Miltchev Palicarsky နှင့် Ms. Cornelia Anna Kortl တို့က ဦးဆောင်ပြီး အစိုးရကဏ္ဍ ဝယ်ယူဖြည့်တင်းရေးလုပ်ငန်းစဉ်တွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများအား ရွေးချယ်ဖော်ထုတ်သည့် ဘာသာရပ်များကို ဆွေးနွေးခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ခြောက်ဦး၊ အရာထမ်း ၂၅ ဦး စုစုပေါင်း ၃၁ ဦး ပါဝင်တက်ရောက်ဆွေးနွေးလျက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် လူမှုစီးပွား

အမေးနှင့်အရေး - မွေးကြူဗင်
ဓာတ်ပုံ - အေးသန်း



ဦးလဖိုင်ခွန်ဆာ



ဦးကောင်းကျော်စွာ



မငယ်ငယ်



ဦးကျော်သူ



စောဟီဇာကျော်



မဂျူလိုင်မိုး

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ အဆိုပါပြပွဲနှင့် စပ်လျဉ်းသည့် လူမှုစီးပွားအခြေအနေများကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။

**ဦးလဖိုင်ခွန်ဆာ (မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ)**

ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်း ရာသီပိတ်သိမ်းချိန်မှာ ဒီလို ပြသရောင်းချတဲ့ပွဲတွေ ကျင်းပတာဖြစ်ပါတယ်။ တစ်နှစ်ကို နှစ်ကြိမ်၊ သုံးကြိမ် ကျင်းပနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအနေနဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာငွေနဲ့ ပြသရောင်းချတဲ့ပွဲတွေအပါအဝင် နိုင်ငံခြားငွေနဲ့ ပြသရောင်းချတဲ့ပွဲတွေကိုလည်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီလိုပွဲတွေ ကျင်းပခြင်းဖြင့် ဟိုတယ်လုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကျောက်မျက်လုပ်ငန်းတွေနဲ့ ဆက်စပ်နေတဲ့မိသားစုတွေ အပါအဝင် ဒေသခံပြည်သူတွေအနေနဲ့ အလုပ်အကိုင်အဆင်ပြေကြမှာ ဖြစ်ပါတယ်။ အခုကျင်းပတဲ့ ပြသရောင်းချပွဲကို တက်ရောက်တဲ့ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်တွေဟာ အရင်နှစ်တွေကထက် ပိုမိုများပြားလာတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ပြည်တွင်းက ထွက်တဲ့ရတနာတွေနဲ့ ပြည်တွင်းမှာပဲ အချောထည်တွေ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကြိုးပမ်းမှုဟာ နိုင်ငံသူနိုင်ငံသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာ ကျောက်စိမ်း၊ ကျောက်မျက် အချောထည်ဈေးကွက်ပေါ်ပေါက်လာအောင် အသင်းအနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒါမှလည်း တရားမဝင် ရောင်းဝယ်မှုတွေ ပပျောက်ပြီး ကောင်းမွန်တဲ့ ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်တွင်းအချောထည်ဈေးကွက်တွေ ပေါ်ပေါက်လာဖို့အတွက် အသင်းအနေနဲ့ ကျောက်မျက်ရတနာသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်ထားပါတယ်။ ဒါကလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များစေဖို့ ရည်ရွယ်ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

**ဦးကောင်းကျော်စွာ (ကြီးကြပ်ရေးမှူး၊ ကျောက်စိမ်းမြို့တော်ဟိုတယ်)**

ကျောက်မျက်ပွဲရှိတဲ့အတွက် ကျွန်တော်တို့ဟိုတယ်မှာ အခန်းငှားတဲ့ ရာခိုင်နှုန်း ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားပါတယ်။ အရင်ကဆို တစ်ရက်ကို လေးခန်း၊ ငါးခန်း လောက်ပဲငှားရပါတယ်။ အခု ၈၀ ရာခိုင်နှုန်းအထိ မြင့်တက်နေတာတောင်မှ နောက်ထပ်ငှားရမ်းတဲ့သူတွေရှိနေပါသေးတယ်။ ကျောက်မျက်ပြပွဲ ကျင်းပနေတဲ့အချိန်မှာ ဝန်ဆောင်မှုအနေနဲ့ အုပ်စုလိုက်လာရင် ဈေးနှုန်းလျှော့ချပေးပါတယ်။ ကျောက်မျက်ပြပွဲကျင်းပနေတဲ့ အချိန်မှာဆိုရင် ကျွန်တော်တို့ဟိုတယ်မှာ ပြည်ပက ရတနာကုန်သည်တွေ လာရောက်တည်းခိုတာများပြားပါတယ်။ ကျွန်တော်တို့ဟိုတယ်ကို www.adoga.com/ Jadecityhotel naypyitaw ဆိုတဲ့ Oniline က တစ်ဆင့်လည်း ကြိုတင်ငှားရမ်းလို့ရပါတယ်။

**မငယ်ငယ် (ဈေးသည်၊ သဲကြီးကုန်းရွာ)**

ကျွန်မက ဒီကျောက်မျက်ရတနာပြပွဲအနီးမှာ ငှက်ပျောသီး၊ မင်းကွတ်သီး၊ ထီးနဲ့ ကွမ်းယာတွေရောင်းပါတယ်။ ဒီလိုဈေးရောင်းရတော့ မိသားစုဝမ်းရေး အဆင်ပြေပါတယ်။ မိုးရာသီဆိုတော့ ထီးရောင်းရတာ ပိုသွက်ပြီး အမြတ်ပိုရပါတယ်။ ကျွန်မတို့မိသားစုခြောက်ယောက်လုံး ဈေးရောင်းနေကြပါတယ်။

**ဦးကျော်သူ (ကြီးကြပ်ရေးမှူး၊ ရွှေတောင်ကြီးစားသောက်ဆိုင်)**

ကျောက်မျက်ပွဲရှိတဲ့အတွက် ကျွန်တော်တို့ ရွှေတောင်ကြီးစားသောက်ဆိုင်အနေနဲ့ အရင်ကထက်ရောင်းအားတွေ ပိုတက်လာပါတယ်။ အရင်ကရောင်းအားနဲ့ အခုရောင်းအား တော်တော်လေးကွာခြားမှုရှိပါတယ်။ အခါတိုင်းဆိုရင် ပုံမှန်ဧည့်သည်လောက်ပဲရှိပါတယ်။ အခုလို ကျောက်မျက်ပွဲရှိတဲ့ကာလမျိုးမှာ ပုံမှန်ထက် ပိုရောင်းကောင်းပါတယ်။

**စောဟီဇာကျော် (အငှားယာဉ်မောင်း)**

ကျွန်တော်က ကားကိုတစ်ရက်သုံးသောင်းနဲ့ အငှားလိုက်ပါတယ်။ ဆီကိုတော့ ငှားတဲ့သူကထည့်ပေးရပါမယ်။ ခရီးဝေးဆိုရင် တစ်ရက်ငါးသောင်းနဲ့လိုက်ပါတယ်။ ကျောက်မျက်ပြသရောင်းချတဲ့ကာလမှာ တက္ကစီဆွဲတော့ မိသားစုအတွက် အပိုဝင်ငွေရပါတယ်။

**မဂျူလိုင်မိုး (ဧည့်ကြိုဝန်ထမ်း၊ မြတ်မင်္ဂလာဟိုတယ်)**

ကျွန်မတို့ဟိုတယ်မှာ အရင်တုန်းကဆိုရင် ပုံမှန်အားဖြင့် ၁၀ ခန်းလောက်ပဲ ငှားရပါတယ်။ ပုံမှန်အားဖြင့် တစ်ခန်းကို သုံးသောင်းခွဲနဲ့ငှားပါတယ်။ ကျောက်မျက်ပွဲရှိတဲ့အတွက် ပုံမှန်ထက် ဧည့်သည်ပိုဝင်လာပါတယ်။ ကျောက်မျက်ပွဲများများကျင်းပနိုင်ရင် ကျွန်မတို့ ဟိုတယ်တွေပိုပြီးအလုပ်ဖြစ်ပါတယ်။

**ဒေါ်သင်းသင်းချစ် (ကျောက်စောင့်)**

ကျွန်မကတော့ ဒီကျောက်မျက်ပြပွဲမှာ ကုမ္ပဏီကခင်းကျင်းပြသထားတဲ့ ကျောက်တွေကို စောင့်ရတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ ကျောက်စောင့်ခအဖြစ် တစ်နေ့ကို တစ်သောင်းရပါတယ်။ ကျွန်မအမျိုးသားကလည်း ကျောက်စောင့်အဖြစ် လုပ်ကိုင်ပါတယ်။ သူလည်း တစ်ရက်ကို တစ်သောင်းရပါတယ်။ နှစ်ယောက်ပေါင်း တစ်ရက်ကို နှစ်သောင်းဆိုတော့ မိသားစုအတွက် ပိုပြီးအဆင်ပြေပါတယ်။ ဒီလိုပွဲမျိုး မကြာခဏကျင်းပစေချင်ပါတယ်။

## (၅၅)ကြိမ်မြောက်မှ

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ပြီး ပုလဲအတွဲ ၃၆၀၊ ကျောက်မျက်အတွဲ ၃၃၆ တွဲနှင့် ကျောက်စိမ်းအတွဲ ၆၇၉၅ တွဲ စုစုပေါင်း ၇၄၉၁ တွဲကို ခင်းကျင်းပြသထားသည်။

ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပ ရတနာကုန်သည် စုစုပေါင်း ၄၀၀၀ ကျော် တက်ရောက်၍ ပုလဲ၊ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအား ကြည့်ရှုလေ့လာကြကာ သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ဈေးနှုန်းအဆိုပြုလွှာများကို ထည့်သွင်း၍ စိတ်ကြိုက်ဝယ်ယူခဲ့ကြသည်။

### ပြည်ပရတနာကုန်သည် ၃၀၀၀ ကျော်

ပြပွဲဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "ပြပွဲကျင်းပရခြင်းက နိုင်ငံအတွင်းမှာရှိတဲ့ ရတနာကုန်သည်တွေ၊ အထူးသဖြင့် ရောင်းချင်တဲ့သူတွေ၊ ဝယ်ချင်တဲ့သူတွေကို စုစည်းပေးလိုက်တာပါ။ အခုပွဲမှာ ကျောက်စိမ်းတွဲတင်ပြတဲ့ ကုမ္ပဏီ လိုင်စင်ရရှိသူပေါင်း ၅၀၀ ကျော်လောက်ရှိပါတယ်၊ လက်ရှိ ပြည်တွင်းရတနာကုန်သည်စာရင်းမှာ ရောင်းတဲ့သူရော၊ ဝယ်တဲ့သူရော မှတ်ပုံတင်ထားတာ ၁၂၀၀ လောက်ရှိပါတယ်၊ ဝယ်မယ့် ကုန်သည် ၆၀ လောက်ကနေ အာမခံစပေါ်ငွေသွင်းတဲ့ စာရင်းတွေရနေပါပြီ၊ ပြည်ပရတနာကုန်သည်က ၃၀၀၀ ကျော်ရှိပါတယ်၊ မနေ့က ပြည်ပရတနာကုန်သည် ၂၅၀၀ လောက်ဝင်ပြီးတော့ ကျောက်တွဲတွေကို လာကြည့်ကြပါတယ်" ဟုပြောသည်။

ဆက်လက်၍ ၎င်းက "အပြင်မှာ ကျောက်စိမ်း ကျောက်မျက် ရောင်းချင်တဲ့သူတွေအတွက် ကုန်သည် လေးယောက်၊ ငါးယောက်ကို ခေါ်ပြဖို့အင်မတန်ခက်ပါတယ်၊ အဲဒီလိုပဲ ဝယ်ချင်တဲ့ကုန်သည်အနေနဲ့လည်း ကျောက်တွဲ လေးတွဲ၊ ငါးတွဲ၊ ၁၀ တွဲကို တစ်နေရာတည်းမှာကြည့်ရဖို့ ဆိုတာကလည်း မလွယ်ပါဘူး၊ အခုလို ကျောက်စိမ်း၊ ကျောက်မျက်အတွဲပေါင်း လေး၊ ငါး၊ ခြောက်ထောင်ကို တစ်နေရာတည်းမှာ ကြည့်ဖို့က ပိုမလွယ်ပါဘူး၊ ဒါက ရောင်းသူဝယ်သူတွေ ရတဲ့အကျိုးပါ။

"ရောင်းတဲ့သူတွေအနေနဲ့ ဘာတွေရလဲဆိုတော့ ဝယ်တဲ့သူတွေအများကြီးရှေ့မှာ ရောင်းရတာဖြစ်တဲ့အတွက် ပစ္စည်းရဲ့ လက်ရှိကာလပေါက်ဈေးအမှန်ကို ရနိုင်ပါတယ်၊ ကျောက်တစ်လုံးကို အချောထည်ဖြစ်အောင် ပြန်လုပ်မယ့်သူအပေါ်မူတည်ပြီးတော့ ဈေးပေးတာ၊ ဈေးရတာ မတူပါဘူး၊ အခုပြပွဲမှာက ဈေးနှုန်းအပြိုင်ပေးတဲ့စနစ်ကို ကျင့်သုံးပြီး အဲဒီထဲကမှ အများဆုံးပေးတဲ့သူကို ရောင်းတဲ့စနစ်ဖြစ်ပါတယ်။

"ဒီပြပွဲမှာ ကျောက်စိမ်းအတွဲပေါင်း ခြောက်ထောင်ကျော် ခင်းကျင်းပြသထားပါတယ်၊ တန်ချိန်ထောင်ကျော်ရှိပါတယ်၊ အဲဒီအထဲကနေ ဝယ်သူအနေနဲ့ သူအလုပ်လုပ်လို့ရမယ့်ကျောက်ကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူလို့ရပါတယ်၊ ဝယ်သူတွေအတွက် ရွေးချယ်ခွင့် အများကြီးရှိပါတယ်၊ တန်ရာတန်ဖိုးဈေးကို ပေးဝယ်မှရပါမယ်၊ ညှိနှိုင်းဈေးမရပါဘူး၊ ဒါက ရောင်းသူဝယ်သူတွေ အဓိကရရှိတဲ့အကျိုးဖြစ်ပါတယ်" ဟု ပြောသည်။

### အခွန်၊ အခ ရာနှုန်းပြည့်

ကျောက်မျက်ရတနာပြပွဲများကို နေပြည်တော်တွင် ၂၀၁၀ ခုနှစ်ကစပြီး ပြောင်းရွှေ့ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ၁၄ ပွဲ မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "နိုင်ငံတော်ကတော့ ဈေးနှုန်းအများဆုံးပေးတဲ့သူကို ရောင်းချပေးတာဖြစ်ပါတယ်၊ ရောင်းရတဲ့အပေါ်မှာ အခွန်အကောက် အပြည့်အဝရပါတယ်၊ အပြင်မှာရောင်းတာဆို ရောင်းရတဲ့ငွေကို အမှန်အတိုင်းပြောဖို့၊ အခွန်ဆောင်ဖို့ဆိုတာ အကန့်အသတ်တွေ ရှိနေပါသေးတယ်၊ ဒါပေမယ့် ဒီပြပွဲမှာရောင်းတဲ့ ကျောက်တုံးတစ်တုံး၊ ကျောက်တွဲတစ်တွဲကိုတော့ ဒီဈေးနဲ့ဒီလိုရောင်းရင် ဒီဈေးအတိုင်းကို အခွန်ဖြတ်ပြီးမှ ပိုင်ရှင်ကိုငွေချေပါတယ်၊ သက်ဆိုင်ရာ ရတနာအမျိုးအစားအလိုက် နိုင်ငံတော်က သတ်မှတ်ထားတဲ့ အခွန်၊ အခတွေကို အပြည့်အဝကောက်ခံ ရရှိပါတယ်၊ ကျန်တဲ့ငွေကို ပိုင်ရှင်ကိုပေးပါတယ်၊ ပစ္စည်းပေါ်မှာ သတ်မှတ်ထားတဲ့ အခွန်၊ အခ ရာနှုန်းပြည့် အပြည့်အဝရပါတယ်" ဟု ပြောသည်။

ယခုပြပွဲတွင် အနည်းဆုံးအခြေခံဈေးနှုန်း သတ်မှတ်ထားမှုမှာ ပုလဲတစ်တွဲလျှင် အခြေခံဈေး ယူရိုငွေ ၅၀၀၊ ကျောက်မျက်တစ်တွဲလျှင် အခြေခံဈေး ယူရိုငွေ ၅၀၀၊ ကျောက်စိမ်းအချောထည်ကို အခြေခံဈေး ယူရိုငွေ ၁၀၀၀၊ အရိုင်းထည်ကို အခြေခံဈေး ယူရိုငွေ ၄၀၀၀ သတ်မှတ်ထားကြောင်း၊ အခြေခံဈေးနှုန်း အများဆုံးသတ်မှတ်ချက်မှာ ယူရိုငွေတစ်သန်းနှင့်အထက် တင်ပြရောင်းချသည့် ကျောက်စိမ်းအတွဲ ၁၄ တွဲရှိပြီး အများဆုံးယူရိုငွေ ၁၅ သန်းဖြင့် ရောင်းချသည့် အတွဲတစ်တွဲရှိကြောင်း သိရသည်။

ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးက "အားလုံးကို အိတ်ဖွင့်တင်ဒါစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်၊ အခုပြပွဲကို တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနဲ့ အမေရိကန်က ရတနာကုန်သည်တွေ လာရောက်ကြပါတယ်၊ တရုတ်နိုင်ငံက အများဆုံး ဖြစ်ပါတယ်၊ ပြည်တွင်းက ရတနာကုန်သည် ၁၂၀၀ ကျော်နဲ့ ပြည်ပကရတနာကုန်သည် ၃၀၀၀ ကျော် ပြပွဲကို တက်ပါတယ်။

### အချောထည်လုပ်ငန်း အောင်မြင်ဖို့

"ကျောက်စိမ်း၊ ကျောက်မျက်အချောထည်နဲ့ပတ်သက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်ဖြစ်ထွန်းပေါ်ပေါက်ဖို့ လိုပါသေးတယ်၊ ထိုင်းနိုင်ငံက ကုန်သည်ကပဲ ဝယ်ဝယ်၊ တရုတ်နိုင်ငံက ကုန်သည်ကပဲ ဝယ်ဝယ်၊ ကျောက်အရိုင်းတွေကိုပဲ ဝယ်တာများပါတယ်၊ အချောထည်တွေက Traditional နဲ့ထုလုပ်တဲ့ လက်ရာလက်သားအပေါ်မှာ မူတည်ပါတယ်၊ ဥပမာပြောရရင် ကျွန်တော်တို့ဆိုရင် ဗန္ဓုလရုပ်ကိုထုရင် ခံစားလို့ရပါတယ်၊ ဒါပေမယ့် ဒီအရုပ်ကို တရုတ်နိုင်ငံသား၊ ထိုင်းနိုင်ငံသားက ဘယ်လိုခံစားမလဲ၊ အဲဒီတော့ ကျွန်တော်တို့ထုရမှာက သူတို့ကြိုက်တဲ့၊ သူတို့ Hero ဖြစ်တဲ့၊ သူတို့ Traditional ဖြစ်တဲ့ ရုပ်တုရုပ်ထွင်းတွေ၊ ပစ္စည်းတွေကို ပြုလုပ်နိုင်ရမှာဖြစ်ပါတယ်၊ အဲဒါတွေကို အဆင့်မီ လက်ရာမြောက်စွာ ပြုလုပ်ရောင်းချနိုင်မှသာ ဈေးကွက်ရရှိလာမှာဖြစ်ပါတယ်၊ အဲဒီဈေးကွက်ကို သိဖို့လိုပါတယ်၊ ဈေးကွက်ရှိမှ ရောင်းတာတွေ၊ ဝယ်တာတွေဖြစ်ပြီး ထုလုပ်တဲ့သူအတွက် အဆင်ပြေမှာဖြစ်ပါတယ်၊ အချောထည်လုပ်ငန်းကို ကိုယ့်ဘာသာ လုပ်တာထက် ဈေးကွက်နဲ့နည်းပညာရှိတဲ့ သူတွေနဲ့ ပေါင်းပြီးလုပ်ရင် အဆင်ပြေမယ်လို့ ထင်ပါ တယ်၊ အချောထည်လုပ်ငန်း အောင်မြင်ဖို့ ထိထိ ရောက်ရောက်ပံ့ပိုးနိုင်မှ တဖြည်းဖြည်း ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်။

"ပြပွဲကြီးတစ်ပွဲလုပ်ရင် ပြည်တွင်းပြည်ပကုန်သည် သုံး၊ လေးထောင်လောက် တက်ပါတယ်၊ ဒီလူတွေရဲ့ နေထိုင်မှု၊ သွားလာမှု၊ စားသောက်မှု အဲဒါတွေက ကျွန်တော်တို့နိုင်ငံသားတွေအတွက် အကျိုးရှိစေပါတယ်၊ အဲဒီအပြင် ကျောက်မျက်ကဏ္ဍနဲ့ ဆက်စပ်နေတဲ့ ဟိုတယ်နဲ့ခရီးသွားလာရေး၊ နေပြည်တော်မှာရှိတဲ့ ရောင်းရေးဝယ်တာလုပ်နေတဲ့သူတွေကအစ ကျောက်မျက်ပြပွဲကို မှီပြီးတော့မှ ငွေကြေးစီးဆင်းမှုက ပိုမိုကောင်းမွန်ပါတယ်၊ ရောင်းသူ၊ ဝယ်ယူ၊ နိုင်ငံတော် အခွန်အခ အကျိုးကျေးဇူးတွေအပြင် ကျောက်မျက်ပြပွဲကြီးကြောင့် နိုင်ငံခြားသားတွေရဲ့ တည်းခိုမှု၊ နေထိုင်မှု၊ စားသောက်မှုစရိတ်တွေ ရရှိပါတယ်။

### ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက်

"အရင်ပွဲတွေတုန်းက ပြည်တွင်းပြည်ပရတနာကုန်သည်တွေအနေနဲ့ ရတနာတန်ဖိုးရဲ့ ငါးရာခိုင်နှုန်းကို အာမခံစပေါ်ငွေ ကြိုတင်ပေးသွင်းပြီးမှ ဝယ်ယူရပါတယ်၊ အခုတော့ ရတနာတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းပြီးမှ ဝယ်ယူခွင့်ပြုပါတယ်၊ ကျောက်တွဲတွေကို ဝယ်ပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ဝယ်ယူပြီးတန်ဖိုးငွေ အတိုင်းအပြည့်မပေးချေဘူးဆိုရင် ကြိုတင်ပေးသွင်းထားတဲ့ အာမခံစပေါ်ငွေ ၁၀ ရာခိုင်နှုန်းကို သိမ်းပါတယ်၊ ပြပွဲတွေကို ရောင်းသူဝယ်သူ နှစ်ဦးနှစ်ဖက် သင့်တင့်မျှတတဲ့ စည်းကမ်းချက်တွေ ချမှတ်ပြီး ကျင်းပတာဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ ကိုယ့်နိုင်ငံသားတွေနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်အများစု အကျိုးစီးပွားဖြစ်ထွန်းမယ့် စည်းကမ်းချက်တွေ ချမှတ်ကျင့်သုံးဆောင်ရွက်လျက်ရှိပါ တယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ဇွန် ၂၂ ရက်တွင် မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ကြည့်ရှုစစ်ဆေးခြင်း၊ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများအား ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများ အတွင်းသို့ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက် (သတင်းစဉ်)**

# တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပသည့် တရုတ်ကုန်စည်ပြပွဲတွင် မြန်မာကုန်သည်များအနေဖြင့် ရောင်းချရန်ထက် ကုန်သည်ချင်းတိုက်ရိုက်ချိတ်ဆက် ဈေးကွက်ချဲ့ထွင်နိုင်ရန် သွားရောက်ပြသရောင်းချခြင်းဖြစ်

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

**ပဉ္စမအကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅)ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း သွင်းကုန်၊ ထုတ်ကုန် ကုန်စည်ပြပွဲကို ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ စတုရန်းဧရိယာ ၁၉၀၀၀၀ ကျော် ကျယ်ဝန်းသည့် Kuming Dianchi International Convention and Exhibition စင်တာတွင် ကျင်းပခဲ့သည်။ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၈၀ ကျော်မှ ကုန်ပစ္စည်းများကို အဆင့်မီပြခန်းပေါင်း ၈၅၀၀ ကျော်ဖြင့် ပါဝင်ပြသလျက်ရှိပြီး မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်တိုင်းပြည်အဖြစ် ပါဝင်ပြသခွင့်ရရှိကာ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၂၈၉ ဦးတို့သည် ကုန်စည်ပြခန်း ၆၄ ခန်းတွင် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများကို ပြသရောင်းချခဲ့သည်။**

**အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာကုန်သည်များအနေဖြင့် ရောင်းချရန်ထက် ကုန်သည်ချင်းတိုက်ရိုက်ချိတ်ဆက်နိုင်ရန်နှင့် ဈေးကွက်ချဲ့ထွင်ရန် သွားရောက်ပြသရောင်းချခြင်းဖြစ်ပြီး ပြသရောင်းချလျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်အချို့နှင့် တာဝန်ရှိသူတို့ကို မြန်မာ့သတင်းစဉ်မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်-**



ဦးဝင်းသန်း



ဦးမောင်မောင်ဆန်း



ဦးကျော်သူ



ဦးမြင့်အောင်



ဒေါ်နန်းမိုင်

**ဦးဝင်းသန်း**
**(ဒုတိယညွှန်ကြားရေးမှူး**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**
**စီးပွားရေးနှင့်**
**ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

အခုက (၅)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနဲ့ (၂၅) ကြိမ်မြောက် တရုတ်နိုင်ငံ ကူမင်း သွင်းကုန်၊ ထုတ်ကုန် ကုန်စည်ပြပွဲ ဖြစ်ပါတယ်။ ဒီနှစ် ကုန်စည်ပြပွဲမှာတော့ မြန်မာနိုင်ငံက ပြသတဲ့ ကုန်ပစ္စည်းအသစ်အနေနဲ့ လျှော်ဖြူနဲ့ ဆေးကုလားမကို ပြသရောင်းချပါတယ်။ နောက်တစ်ခါ ငါးသေတ္တာလို အစားအသောက်နဲ့ ရွှေလုပ်ငန်းရှင်များ အသင်းကနေ မြန်မာနိုင်ငံရဲ့ စနစ်တကျ ထွက်ရှိတဲ့ ရွှေအကြောင်း ပြသနိုင်ပါတယ်။ နောက် စီးပွားရေး ဦးပိုင်လီမိတက်၊ မြဝတီ ထရိတ်ဒင်းကနေ ဦးဆောင်ပြီး မြန်မာဘီယာနဲ့ မြန်မာစီးကရက်တွေကိုလည်း ပထမဦးဆုံးအကြိမ် ပြသပါတယ်။ ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ အဓိကပါဝင်ပြီး အခြားပစ္စည်းတွေအနေနဲ့ မြန်မာ့လက်မှုထည် ပစ္စည်းများ၊ ကြိမ်ထည်များ၊ မြန်မာ့စားသောက်ကုန်များ၊ လက်ဖက်နဲ့ လက်ဖက်ခြောက်၊ မြန်မာ့တိုင်းရင်းဆေး၊ ချင်းပြည်နယ်ထွက် မြန်မာ့ထောပတ်သီး၊ ဝ ဥခြောက်၊ ငရုတ်သီးခြောက် စတဲ့ပစ္စည်းတွေ ပြသဖို့ ခေါ်ယူခဲ့ပါတယ်။ မြန်မာ့လက်မှု ပစ္စည်းတွေအပြင် သစ်ပရိဘောဂ အနေနဲ့ ကျွန်းပါကေးပြား ကုမ္ပဏီ တစ်ခုကို ခေါ်ဆောင်ပြီး ပြသပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှာ ကျွန်တော်တို့က မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဆိုပြီး ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှာ အစိုးရသစ်နဲ့အတူ ဌာနသစ်ကို ဖွဲ့စည်းခဲ့ပါတယ်။ ဌာနသစ်ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်က ကုန်သွယ်မှု မြှင့်တင်ရေးကို အထူးပြုဆောင်ရွက်နိုင်ဖို့ပါ။ နောက်တစ်ခါ မြန်မာ့ထွက်ကုန်ပစ္စည်းတွေကို ပြည်ပနိုင်ငံများက သိရှိပြီးတော့ ဈေးကွက်ထိုးဖောက် ဝင်ရောက်နိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဆန်း**
**(ဗဟိုအလုပ်အမှုဆောင်**
**မြန်မာနိုင်ငံကျောက်မျက်ရတနာ**
**လုပ်ငန်းရှင်များအသင်း)**

ကျွန်တော်တို့ ကျောက်မျက်အသင်းက ဆိုင်ခန်းပေါင်း ၃၂ ဆိုင် လာရောက်ပြသရောင်းချပါတယ်။ ပြသတဲ့ ရည်ရွယ်ချက်က ကျောက်မျက်အကြမ်းထည်ကနေ အချောထည်အထိ မြန်မာနိုင်ငံ ဈေးကွက်ကို တစ်ကမ္ဘာလုံး သိအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း အကျိုးရှိသလို ဝတ်ဆင်တဲ့သူက တိုက်ရိုက် ဝယ်ယူရတဲ့အတွက် ပိုမိုနှစ်သက်ပါတယ်။ မနှစ်ကထက်စာရင် ဒီနှစ်က ပိုမိုရောင်းရသလို စိတ်ဝင်စားမှုလည်း ပိုရပါတယ်။ ပြသတဲ့ ဆိုင်ခန်းအားလုံးလိုလို ရောင်းရပါတယ်။ ကျောက်စိမ်းကို အဓိက ဝယ်ကြပါတယ်။ အနီနဲ့ အပြာကိုလည်း စိတ်ဝင်စားပြီးလိုက်ဝယ်တာတွေ့ရပါတယ်။ ကျောက်စိမ်းလက်ကောက်နဲ့ ဆွဲပြား စတဲ့ လက်ဝတ်ရတနာတွေကို နှစ်သက်စွာဝယ်ယူကြပါတယ်။ တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ငါးကြိမ်စလုံး လာရောက်ရောင်းချ ပြသပါတယ်။ MoU ထိုးတာမရှိပေမယ့် နေပြည်တော်မှာ လုပ်မယ့် ပြပွဲအတွက်လည်း ဖိတ်ခေါ်ထားတာရှိပါတယ်။ အဲဒီမှာ အချောထည်သာမက အရိုင်းလည်း တရားဝင်ဝယ်ယူလို့ ရပါတယ်။ နောက်ထပ် ဇန်နဝါရီမှာလည်း ရန်ကုန်မှာလုပ်မယ့် ကျောက်မျက်ရတနာ အချောထည်ပြပွဲရှိပါတယ်။ အဲဒီအတွက်လည်း ဖိတ်ထားပါတယ်။ အခုလို နှစ်နိုင်ငံ ပူးပေါင်းခွင့်ရတဲ့အတွက် အကျိုးအမြတ်တွေရှိပါတယ်။

**ဦးကျော်သူ**
**(အတွင်းရေးမှူး**
**မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့်**
**ဟင်းသီးဟင်းရွက်**
**တင်ပို့ရောင်းချသူများအသင်း)**

ကူမင်းကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးက ထွက်တဲ့ သစ်သီးဝလံတွေစုပြီး လာရောက်ရောင်းချတာပါ။ သစ်သီးအနေနဲ့ အခုချိန် ထွက်နေတာက သရက်သီးနဲ့ ထောပတ်သီးပါ။ ထောပတ်သီးကတော့ ချင်းပြည်နယ်က ထွက်တဲ့အသီးပါ။ ဝဥ၊ ကယန်းငရုတ်၊ ဖာလာ၊ မျှစ်ချဉ်၊ နန္နင်းမှုန့်နဲ့ ချင်းတောင်ထွက် ကော်ဖီတွေ ပါပါတယ်။ နောက် မိချောင်းကွမ်းဖက်ကို စိတ်ဝင်စားလို့ လာမေးပါတယ်။ အဓိကကတော့ ဈေးကွက်ချဲ့တာပါ။ ကျွန်တော်တို့ ကုန်တွေကို နယ်စပ်ကနေ ရောင်းနေရတဲ့ အခြေအနေထက် တကယ့် ဝယ်ယူမယ့်သူကို တိုက်ရိုက်ချိတ်ပြီး ရောင်းနိုင်ရင် ဈေးကွက်တစ်ခုကို ခိုင်ခိုင်မာမာရမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။

အခုပြပွဲမှာ ရောင်းရခြင်းဆိုတာထက် ဈေးကွက်ချိတ်ဆက်နိုင်ဖို့ အဓိကပါ။ ဝ ဥ ဆိုရင် ဒီက ကုမ္ပဏီ တစ်ခုနဲ့ ဇွန် ၇ ရက်မှာ MoU ထိုးပါတယ်။ ကျန်တဲ့သီးနှံတွေကိုလည်း ဆွေးနွေးလို့ အဆင်ပြေရင် အရောင်း အဝယ်စာချုပ်တွေ ချုပ်သွားပြီးတော့ ရောင်းချနိုင်ဖို့ ဆောင်ရွက်မှာပါ။ ကျွန်တော်တို့ သစ်သီးဝလံ ပန်းမန် ကဏ္ဍမှာဆိုရင် တရုတ်ပြည်ကို နံပါတ်တစ်အနေနဲ့ ဖရဲသီး အများဆုံးပို့တယ်။ တစ်နှစ်ကို တန်ချိန် ခြောက်သိန်းနဲ့ ခုနစ်သိန်းကြားသွားတယ်။ ဒုတိယက သခွားမွှေး တန်ချိန် တစ်သိန်းခွဲနဲ့ နှစ်သိန်းကြားသွားတယ်။ နောက် သရက်သီး၊ ဝဥ၊ ဖာလာ၊ ငရုတ် ပို့တယ်။ ချင်းထောပတ်သီးကတော့ အခုနည်းနည်းပဲ ထွက်သေးတယ်။ ကော်ဖီက ဒီကတစ်ဆင့် ရောင်းနေတာလည်း ရှိတယ်။ ကော်ဖီက ဒီဘက်ရော အခြားနိုင်ငံတွေပါ နည်းနည်းစီ မျှပြီး ထွက်ပါတယ်။

**ဦးမြင့်အောင်**
**(ဒုတိယဥက္ကဋ္ဌ**
**ချဉ်ပေါင်ဖာလာအသင်း)**

ကျွန်တော်က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သံတောင်ကနေ ချဉ်ပေါင်ဖာလာကို ကရင်လူမျိုးတွေနဲ့ တောင်ငူက ကုန်သည်တွေပေါင်းပြီး ကူမင်းပြပွဲမှာ လာရောက်ပြသတာပါ။ သံတောင်ကြီးမြို့နယ်မှာ ထွက်တဲ့ ကုန်ပစ္စည်းတွေထဲမှာ ချဉ်ပေါင်ဖာလာက အဓိက ထွက်ကုန် အသက်သွေးကြောပါပဲ။ အဓိက ရောင်းရတာက တရုတ်ပြည်ပါ။ ကျွန်တော်တို့ နယ်စပ်ကိုပဲ ရောင်းရပါတယ်။ ရွှေလီနဲ့ မန္တလေးဘက်က ကုန်သည်တွေက တောင်ငူမြို့မှာ အထိုင်ဝယ်ကြပါတယ်။ ဈေးကွက်က မမှန်တဲ့အတွက် ဈေးကွက်သစ်ကို ရှာဖွေတဲ့အနေနဲ့ ပြပွဲတွေမှာ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပစ္စည်းက အော်ဂဲနစ်ဖြစ်ပေမယ့် လာအိုက ပစ္စည်းက ကျွန်တော်တို့ထက် ၁၀ ဆ လောက် ဈေးကွာနေတယ်။ ဘာကြောင့်ကွာလဲ လေ့လာတော့ သူတို့နိုင်ငံရဲ့ စိုက်ပျိုးရေးဝန်ကြီးဌာနကနေ နိုင်ငံခြားပညာရှင်တွေ ခေါ်ပြီးတော့ စိုက်ပျိုးထုတ်လုပ်မှုအစကနေ အဆုံးအထိ နည်းပညာတွေပေးပြီး အဆင့်ဆင့် ပြုပြင်တဲ့အခါကျတော့ ပစ္စည်းက အရည်အသွေးမြင့်လာပြီး နိုင်ငံခြားဈေးကွက်ကို ထိုးဖောက်တဲ့အခါ ကျွန်တော်တို့ မြန်မာနိုင်ငံထက် ဈေးက ၁၀ ဆ လောက် ပိုရနေပါတယ်။

အခုလက်ရှိပေါက်ဈေးက သူတို့နိုင်ငံမှာ တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၆၀ နဲ့ ၇၀ ကြားလောက် ရှိနေပေမယ့် ကျွန်တော်တို့မှာက ခြောက်ဒေါ်လာ၊ ခုနစ်ဒေါ်လာ လောက်ပဲ ရှိတယ်။ ဈေးကောင်းမရတဲ့အချက်က မီးခိုးနံ့ပါတဲ့အတွက်ကြောင့်ပါ။ မီးခိုးနံ့မပါတဲ့ နည်းပညာကို ဒီနှစ်ကစပြီး အရည်အသွေးမြှင့်ပြီး ဈေးကွက်ကို ထိုးဖောက်မယ်။ အဲဒါမှ တောင်သူတွေဘဝမှာ အများကြီး ချောင်လည်သွားမယ်။ နှစ်ပေါင်းများစွာ မိရိုးဖလာနည်းနဲ့ လုပ်လာတာတစ်ခုပဲသိတော့ ဆင်းရဲတွင်းက မထွက်နိုင်ဘူး ဖြစ်နေတယ်။ အရည်အသွေး မမှန်ဘူး။ အသေး၊အလတ်၊ အကြီး ပုံစံသုံးမျိုး ဖြစ်နေတယ်။ လာအိုက ပုံစံလည်းမှန်တယ်။ အရည်အသွေးလည်း မှန်တယ်။ ဒါကြောင့် ကျွန်တော်တို့က အသိပညာရော၊ နည်းပညာရော နှစ်ခုစလုံးသွားမှ အောင်မြင်မယ်။ ဒါကြောင့် အဖွဲ့အစည်းအားလုံးနဲ့ ပေါင်းပြီး နည်းပညာရော အတတ်ပညာပိုင်းပါ ကောင်းအောင် ကြိုးစားနေပါတယ်။

**ဒေါ်နန်းမိုင်**
**(ပိုင်ရှင်၊ လှပျိုဖြူ**
**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)**

ရန်ကုန်က လာရောင်းတာပါ။ ကိုယ်တိုင်ဖော်စပ်ပြီး ကိုယ်တိုင်ထုတ်လုပ်တဲ့ မြန်မာတိုင်းရင်းဆေးတွေ လာရောင်းတာပါ။ သလိပ်ပျော် ချောင်းဆိုးပျောက်ဆေး၊ အရိုးကျိုးပေါင်းလိမ်းဆေး၊ စားဆေး၊ အမာရွတ်ပျောက် လိမ်းဆေးနဲ့ ဒဏ်ကြေလိမ်းဆေးတွေ လာရောက်ပြသ ရောင်းချတာပါ။ ၂၀၀၃ ခုနှစ်က စတင်ထုတ်လုပ်ပြီး ဒီမှာ လာရောက်ပြသ ရောင်းချတာက သုံးကြိမ်မြောက်ပါ။ အဓိက ရောင်းချတာက တရုတ်နိုင်ငံက အအေးပိုင်းဖြစ်တာကြောင့် လိမ်းဆေးကို အဓိကထား ဖြန့်ဖြူးရောင်းချပါတယ်။ အိမ်နီးချင်းနိုင်ငံကိုလည်း ကျွန်မတို့ရဲ့ မြန်မာတိုင်းရင်းဆေးဝါးအစွမ်းတွေ သိအောင် ရောင်းချတာပါ။ တရုတ်နိုင်ငံက ကိုယ်စားလှယ်တွေနဲ့ ကျွန်မတို့က အချိတ်အဆက်ရှိပါတယ်။ အခု ၂၀၁၈ ကုန်စည်ပြပွဲမှာ ပိုမိုရောင်းချနိုင်ပါတယ်။ အခုလို အိမ်နီးချင်းနိုင်ငံမှာ လာရောက်ရောင်းချနိုင်အောင် နှစ်စဉ် ကုန်စည်ပြပွဲတွေ လုပ်ပေးလို့ ကျေးဇူးတင်ပါတယ်။ ရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ရော လှပျိုဖြူဆေးတိုက်အနေနဲ့ပါ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ အမြဲဖိတ်ခေါ်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၁၁ သို့ *



မြန်မာနိုင်ငံထွက် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပစ္စည်းများပြခန်းကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တောင်ကုတ်မြို့ရှိ ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့

**စစ်တွေ ဇွန် ၂၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ဇွန် ၂၀ ရက် မွန်းလွဲပိုင်းတွင် တောင်ကုတ်မြို့နယ် လမူးမော်ကျေးရွာအုပ်စု ဘူးရွှေမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့က လှူဒါန်းသော ဆန်အိတ်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရေဘေးသင့်ပြည်သူများအား ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် တစ်လစာထောက်ပံ့ လှူဒါန်းသော ဆန်အိတ်များကို လည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော တစ်တင်းခွဲ ဆန်အိတ် ၄၃ အိတ်ကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ဆန်အိတ် ၇၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံဖြစ်ခဲ့သော ကျော်ကိုင်းကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့ကိုလည်းကောင်း၊ ဘူးရွှေမော်ကျေးရွာတွင် ရေတိုက်စား၍ ကမ်းပြိုနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လမူးမော်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ရေကြီးရေလျှံမှုကြောင့် လူနာများ ရွှေ့ပြောင်းထားမှုအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆေးရုံအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီဥက္ကဋ္ဌ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီလိုအပ်မှုများ ထောက်ပံ့မည်

**ရန်ကုန် ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) ဥက္ကဋ္ဌသည် လာမည့် ရက်သတ္တပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနေမှုများကို သွားရောက်ကြည့်ရှုမည်ဖြစ်သည်။

ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ Orchid Hotel ၌ ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို သတင်းမီဒီယာများသို့ အသိပေးရှင်းလင်းပွဲတွင် ICRC (Myanmar) မှ ပြည်သူ့ဆက်ဆံရေးအရာရှိ Officer Corinne Ambler က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ICRC(Myanmar) မှ မောင်တောဒေသရှိ ကျေးရွာများတွင် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နေစဉ်။

ဆက်လက်၍ ၎င်းက "ICRC ဥက္ကဋ္ဌ Peter Maurer ရဲ့ ခရီးစဉ်မှာ ရခိုင်ကိုသွားမယ်၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ICRC တို့က ရခိုင်မှာ အကူအညီပေးနေတာတွေ သွားကြည့်မယ်၊ အစားအစာထောက်ပံ့နေတာတွေ၊ ကျန်းမာရေးဝန်ဆောင်မှုပေးနေတဲ့ ရွေ့လျားဆေးခန်းတွေ သွားကြည့်မယ်၊ ဘာတွေဆက်ပြီး ထောက်ပံ့ဖို့ လိုအပ်သလဲဆိုတာ ကြည့်မယ်၊ မိုးရာသီရောက်နေတဲ့အတွက် ဘာတွေ လိုအပ်သလဲဆိုတာ ကြည့်မယ်"ဟု ပြောသည်။

ICRC ဥက္ကဋ္ဌသည် ၎င်း၏ ခရီးစဉ်အတွင်း နေပြည်တော်၌ နိုင်ငံတော်အကြီးအကဲများနှင့် တွေ့ဆုံသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံခရီးစဉ်ပြီးဆုံးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားရှိ ICRC က အကူအညီပေးနေသည့် ဒုက္ခသည်စခန်းများသို့ သွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ယနေ့ ရှင်းလင်းပွဲမှ သိရသည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှစတင်ကာ ကြက်ခြေနီလှုပ်ရှားမှုအဖြစ် မောင်တောဒေသရှိ ကျေးရွာပေါင်း ၁၃၀ ကျော်သို့ သွားရောက်ကာ လူပေါင်း ၁၈၀၀၀၀ ကျော်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်လျက်ရှိကြောင်း ICRC (Myanmar) မှ သိရသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦးနှင့် မောင်တောမြို့တို့တွင် အမြဲတမ်းအခြေစိုက်ရုံး ဖွင့်လှစ်ကာ ၂၀၁၂ ခုနှစ်မှစတင်၍ အကြမ်းဖက်မှုနှင့် အခြားသော ဘေးအန္တရာယ်များ၏ဒဏ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခံစားခဲ့ရသူများ၏ ဘဝအခြေအနေများ ပိုမိုကောင်းမွန်လာစေရန် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အာဏာပိုင်အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ လုပ်ငန်းများဆောင်ရွက်သကဲ့သို့ ရပ်ရွာလူထုခေါင်းဆောင်များ၊ အကူအညီရယူသူများနှင့်လည်း ဆွေးနွေးညှိနှိုင်းကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ICRC(Myanmar) မှ သိရသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) သည် လက်နက်ကိုင်ပဋိပက္ခ (သို့မဟုတ်) အခြားသော အကြမ်းဖက်မှုဒဏ်ခံစားနေရသူများကို ဘက်လိုက်မှုကင်း၍ ကြားနေကာ ခွဲခြားမှုမရှိဘဲ လွတ်လပ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးလျက်ရှိပြီး နိုင်ငံပေါင်း ၈၀ ကျော်တွင် ဝန်ထမ်းအင်အား ၁၆၀၀၀ ကျော်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ICRC**

✱ စာမျက်နှာ ၁၀ မှ

**ဦးတင်ဝင်း**
**ဒါရိုက်တာ**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**
**ငွေပင်လယ်မွေးမြူရေးနှင့်**
**ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

ကျွန်တော်တို့ ဒီအခေါက် လာရောက်ပြသရောင်းချတဲ့အခါ ထူးထူးခြားခြား အနေနဲ့ မြန်မာဘီယာနဲ့ စီးကရက်ကို ပြသရောင်းချပါတယ်။ စိတ်ဝင်စားမှုရပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်ပါတယ်။ အဓိပတိ ပါတယ်။ မြဝတီ ထရိတ်ဒင်းပါ ပါတယ်။ တရုတ်မှာက ဈေးကွက်အကြီးကြီးရှိတယ်။ သူတို့ဘက်ကလည်း အများကြီး ပြသတယ်။ ကျွန်တော်တို့ ဒီမှာ လာရောက်ပြသတဲ့အခါ လောလောဆယ် MoU နှစ်စောင် ထိုးဖြစ်ပါတယ်။ မြဝတီလီမိတက်က ပဲ၊ ပြောင်း၊ နှမ်း အမေရိကန်ဒေါ်လာ သန်း ၅၀ ဖိုး ထိုးဖြစ်ပါတယ်။ ငွေပင်လယ်က ရေငန်ငါးမျိုးစုံ ဒေါ်လာ လေးသန်းဖိုးထိုးဖြစ်ပါတယ်။ ရည်ရွယ်ချက်က နှစ်ပိုင်းရှိပါတယ်။ ပထမအချက်က သူတို့ရဲ့ ခင်းကျင်းပြသရောင်းချမှုကို ချိတ်ဆက်ပြီး ကျွန်တော်တို့ရဲ့ ဈေးကွက်ကို ပိုမိုကောင်းမွန်စေဖို့၊ နောက်တစ်ခုက တိုင်းပြည်ရဲ့ အနာဂတ်အခြေအနေက စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အများကြီး လုပ်ဆောင်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အနာဂတ် ဈေးကွက်အခြေအနေကို ဘယ်လို ပြုပြင်ပြောင်းလဲလို့ရနိုင်မလဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်လေ့လာတာပဲ ဖြစ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်**
**မြန်မာ့လက်မှုပညာပစ္စည်းများ**
**ရောင်းချသူ**

မြန်မာ့လက်မှုပညာပစ္စည်းတွေဖြစ်တဲ့ ရွှေချည်ထိုးနဲ့ သစ်သား အသုံးအဆောင်ပစ္စည်းတွေကို ကုန်စည်ပြပွဲမှာ လာရောက်ရောင်းချတာ ၁၉ ကြိမ်ရှိပါပြီ။ လက်ရာကောင်းမွန်ပြီး သစ်သားဆိုလည်း သစ်သားအစစ်နဲ့ ပြုလုပ်တဲ့အတွက် ဝယ်ယူသူများပါတယ်။ စိတ်ဝင်စားပြီး အမြဲတမ်း မှာယူသူတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်က ယဉ်ကျေးမှုချင်းလည်းတူတော့ မြန်မာ့ယဉ်ကျေးမှု လက်မှုပညာကို အားပေးကြတယ်။ မြန်မာနိုင်ငံ ပြန်ရောက်ရင်လည်း လာရှာပြီး မှာယူကြတဲ့အတွက် ပို့ပေးရပါတယ်။ အခု လာရောက်ရောင်းချတာ လက်မှုပစ္စည်း အမျိုးပေါင်း ၅၀ လောက်ရှိပြီး ရောင်းအား ပိုကောင်းလာပါတယ်။ ။

# ရခိုင်ပြည်နယ်တွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည့် မိသားစုများအား ထောက်ပံ့

**စစ်တွေ ဇွန် ၂၁**

ရခိုင်ပြည်နယ်တွင် ဇွန် ၈ ရက်မှ ၁၄ ရက်ထိ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် အိမ်ထောင်စုများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အရေးပေါ်ကြက်ခြေနီလှုပ်ရှားမှု ကွပ်ကဲမှုစင်တာနှင့်ပူးပေါင်းပြီး ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက ပစ္စည်း ၁၈ မျိုးပါဝင်သည့် Hygiene Kit၊ တာပေါ်လင်စနှင့် ရေ ၂၀ လီတာဆံ့ ဂျယ်ရီကန်ရေထည့်ပုံးများကို ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာတွင် သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ ကြက်ခြေနီအသင်းခွဲများက စာရင်းကောက်ယူ တင်ပြလာသည့် ကနဦးအစီရင်ခံစာနှင့် ဌာနဆိုင်ရာများက ရရှိသည့် စာရင်းဇယားများကို တိုက်ဆိုင်စစ်ဆေးပြီး ကူညီကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်ကြက်ခြေနီအသင်းခွဲများမှတစ်ဆင့် ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သည့် မိသားစုဝင်များထံ တိုက်ရိုက်ထောက်ပံ့ကူညီပေးသွားခြင်းဖြစ်သည်။

ဦးစွာ မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပစ္စည်း ၁၈ မျိုး ပါဝင်သည့် Hygiene Kit အစုံ ၁၅၀၊ ဂျယ်ရီကန်ရေထည့်ပုံး အလုံး ၁၅၀ နှင့် တာပေါ်လင်စ ၅၀ တို့ကို ပံ့ပိုးပေးခဲ့ပြီး ဇွန် ၂၁ ရက်တွင် တောင်ကုတ်မြို့နယ်အတွင်းရှိ မိသားစုများအား ကူညီထောက်ပံ့ရေးပစ္စည်း ၇၆ စုံကို ဆက်လက်ထောက်ပံ့ပေးအပ်သည်။ အလားတူ အမ်းမြို့နယ်အတွင်းရှိ မိသားစု ၇၂ စုနှင့် မာန်အောင်မြို့နယ်အတွင်းရှိ မိသားစု ၂၄ စုအတွက်လည်း ကူညီထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီအနေနဲ့ ပြည်နယ်အတွင်းမှာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်လာခဲ့ရင် အချိန်နဲ့တစ်ပြေးညီ ကူညီပံ့ပိုးမှုတွေ ဆောင်ရွက်နိုင်ဖို့ စစ်တွေ၊ ကျောက်ဖြူနဲ့ သံတွဲမြို့တွေမှာ ကူညီထောက်ပံ့ရေးပစ္စည်းတွေ ခွဲဝေသိုလှောင်ထားပါတယ်၊ မြို့နယ်ကြက်ခြေနီအသင်းခွဲတွေက တင်ပြလာတဲ့ ကနဦးအစီရင်ခံစာနဲ့ ဌာနဆိုင်ရာတွေက စာရင်းတွေ တိုက်ဆိုင်စစ်ဆေးပြီး အနီးဆုံးနေရာက ထောက်ပံ့ပေးခြင်းဖြစ်ပါတယ်၊ မိမိတို့ဒေသမှာ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လို့ ဆုံးရှုံးမှုတွေ ဖြစ်ပေါ်လာရင် မြို့နယ်ကြက်ခြေနီ အသင်းခွဲတွေကို အကြောင်းကြားပြီး ထောက်ပံ့ရေးပစ္စည်းတွေ ရယူနိုင်ပါတယ်"ဟု ရခိုင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလေးက ပြောကြားသည်။

**အောင်သူရ၊ ဟန်လင်းနိုင်**

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတကာယောဂနေ့ အထိမ်းအမှတ်အဖြစ် အိန္ဒိယဝန်ကြီးချုပ်မိုဒီ ဦးဆောင်၍ ယောဂလေ့ကျင့်



**နယူးဒေလီ ဇွန် ၂၁**

နိုင်ငံတကာယောဂနေ့ အထိမ်းအမှတ် စုပေါင်းယောဂကျင့်ပွဲကို အိန္ဒိယနိုင်ငံ ဒေရာဒန်မြို့၌ ဇွန် ၂၁ ရက်က ပြုလုပ်ရာတွင် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်ပါဝင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ယောဂနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းယောဂကျင့်ပွဲကို ဥတ္တရာခန်းပြည်နယ် ဒေရာဒန်မြို့ရှိ သစ်တောသုတေသနသိပ္ပံ ပရိဝုဏ်အတွင်း ပြုလုပ်ခဲ့ရာတွင် ကာလရှည်ယောဂအကျင့်ကို ကျင့်လာခဲ့သူ ဝန်ကြီးချုပ်မိုဒီက ဦးဆောင်ပါဝင်ခဲ့သည်။

ဝန်ကြီးချုပ် မိုဒီသည် နိုင်ငံတကာယောဂနေ့ကို သတ်မှတ်နိုင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးအား တိုက်တွန်းဆော်သြခဲ့သူဖြစ်သည်။

ဥတ္တရာခန်းပြည်နယ်သည် ယောဂကျင့်စဉ်စိတ်ဝင်စားသည့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။

ယခုနှစ်၏ နိုင်ငံတကာယောဂနေ့ အထိမ်းအမှတ်စုပေါင်းယောဂကျင့်ပွဲကို ဥတ္တရာခန်းပြည်နယ် ဒေရာဒန်မြို့၌ ပြုလုပ်ခြင်းကို ပြည်နယ်ဝန်ကြီးချုပ် ထရီဗန်ဒရာ ရာဝက်က ချီးကျူးပြောဆိုသည်။ မိမိတို့၏ပြည်နယ်၌ စုပေါင်းယောဂကျင့်စဉ်အခမ်းအနားကို ကျင်းပခြင်းဖြင့် နိုင်ငံတကာမှ ယောဂကျင့်သူများသည် ဥတ္တရာခန်းပြည်နယ်သို့ အလည်အပတ်လာရောက်ရန် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ရှေးခေတ်အိန္ဒိယလူမျိုးတို့၏ သက်ရှည်ကျန်းမာနေထိုင်နည်းတစ်ခုအဖြစ် ကျင့်ကြံခဲ့ကြသော ယောဂကျင့်စဉ်များကို ယနေ့ခေတ်တွင် အားကစားတစ်ခုအသွင်အဖြစ် တစ်ကမ္ဘာလုံးက လက်ခံလေ့လာနေကြပြီဖြစ်သည်။

ယောဂဆိုသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ စည်းလုံးခြင်းဖြစ်သည်။ ယောဂကျင့်စဉ်ကို ခန္ဓာကိုယ်နှင့် လေရှူရှိုက်မှုတို့အပေါ်တွင် အခြေခံဖော်ဆောင်ထားခြင်းဖြစ်သည်။ လေရှူရှိုက်မှုကို ထိန်းချုပ်ပြီး ခန္ဓာကိုယ်၏ဟန်ချက်ကို မျှစေသည်။

ယောဂကျင့်စဉ်၏ အဓိကဦးတည်ချက်မှာ မိမိခန္ဓာကိုယ်ကို ဗဟိုချက်တစ်ခုအဖြစ် သတ်မှတ်ပြီး ပတ်ဝန်းကျင်နှင့် မိမိအကြား ပြီးပြည့်စုံသော အချိုးညီ သဟဇာတဖြစ်စေရန် ချိန်ညှိပေးနေသည့် ကျင့်စဉ်ဖြစ်သည်။

ယောဂကျင့်စဉ်ကို မှန်မှန်လေ့ကျင့်ခြင်းအားဖြင့် တောင့်တင်းနေသော ကြွက်သားများ ပြေလျော့သွားခြင်း၊ ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများကို ကြံ့ခိုင်သန်စွမ်းစေခြင်း၊ တွယ်ဆက်ထားသော အဆစ်အမျက်များနှင့် အရွတ်များ ကွေးနိုင်ဆန့်နိုင်၊ ပြောင်းလွယ်ပြင်လွယ်နိုင်မှုစွမ်းအား တိုးတက်ခြင်းစသော သက်ရှည်ကျန်းမာကြံ့ခိုင်စေသည့် ကောင်းကျိုးချမ်းသာကို ဖြစ်ထွန်းစေသည် ဆို၏။

**ပီတီအိုင်**

# ထိုင်းနိုင်ငံအတွင်း ပြန်လည်အသုံးပြုနိုင်သော စွန့်ပယ်ပစ္စည်းများတင်သွင်းမှုကို ပိတ်ပင်သွားမည်



**ဗန်ကောက် ဇွန် ၂၁**

ထိုင်းနိုင်ငံအစိုးရက ပြန်လည်အသုံးပြုနိုင်သော စွန့်ပယ်ပစ္စည်းများ တင်သွင်းမှုကို နိုင်ငံအတွင်း ပိတ်ပင်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြန်လည်အသုံးပြုနိုင်သော စွန့်ပယ်ပစ္စည်းများသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို ထိခိုက်စေသည့်အတွက် ၎င်းတို့အား နိုင်ငံအတွင်းသို့ တင်သွင်းမှုကို ပိတ်ပင်ခြင်းဖြစ်ကြောင်းနှင့် စွန့်ပယ်ပစ္စည်းတင်သွင်းမှုဆိုင်ရာ လက်ရှိပြဋ္ဌာန်းထားသော ဥပဒေကို ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အစိုးရအဖွဲ့တာဝန်ရှိသူများက ဆိုသည်။

မြို့တော်ဗန်ကောက်ရှိ စွန့်ပယ်ပစ္စည်းများ ပြန်လည်အသုံးပြုသည့် စက်ရုံတစ်ခုအနီးရှိ ဒေသခံပြည်သူများက အဆိုပါစက်ရုံမှ အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိကြောင်း လာရောက်တိုင်တန်းသည့်အတွက် မေလအတွင်းက ထိုင်းရဲအရာရှိများသည် အဆိုပါစက်ရုံကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ယင်းစက်ရုံတွင် တရားမဝင် တင်သွင်းထားသော စွန့်ပယ်ပစ္စည်းများကို အသုံးပြုလျက်ရှိကြောင်း အာဏာပိုင်များက စစ်ဆေးတွေ့ရှိခဲ့သည်။

ထိုင်းရဲအရာရှိများက နိုင်ငံအတွင်း တရားမဝင် တင်သွင်းထားသည့် မိုဘိုင်းဖုန်းဘက်ထရီများနှင့် အခြား အီလက်ထရွန်နစ် စွန့်ပယ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် ပြင်ဆင်မွမ်းမံလျက်ရှိသော စက်ရုံကိုးရုံကို ယာယီပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်က တရုတ်နိုင်ငံအတွင်း ပြန်လည်အသုံးပြုနိုင်သော စွန့်ပယ်ပစ္စည်းများ တင်သွင်းမှုကို ပိတ်ပင်ခဲ့သည့်အတွက် ထိုင်းနိုင်ငံအတွင်း ယင်းပစ္စည်းများ တင်သွင်းမှုပမာဏသည် နှစ်ဆနီးပါးတိုးတက်ခဲ့သည်ဟု ထိုင်းအာဏာပိုင်များက လေ့လာတွေ့ရှိခဲ့ကြောင်း ဆိုသည်။

ထိုင်းနိုင်ငံအတွင်းသို့ အဆိုပါပစ္စည်းများကို ဂျပန်နိုင်ငံက အများဆုံးတင်သွင်းလျက်ရှိကြောင်း စစ်တမ်းများအရ သိရှိရသည်။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားရှိ ရေနံတင်ဆိပ်ကမ်းနှစ်ခုကို ဒေသဆိုင်ရာစစ်ဘုရင်တစ်ဦး၏တပ်ဖွဲ့က ပြန်လည်သိမ်းယူ

**ဘင်ဂါဇီ ဇွန် ၂၁**

ပြိုင်ဘက်လက်နက်ကိုင်အဖွဲ့နှင့် ရက်သတ္တတစ်ပတ်ကြာ တိုက်ခိုက်ခဲ့ပြီးနောက် လစ်ဗျားနိုင်ငံ၏ အဓိကကျသော ရေနံတင်ပို့ရာ ဆိပ်ကမ်းနှစ်ခုကို ပြန်လည်သိမ်းယူခဲ့ကြောင်း လစ်ဗျားစစ်ဘက်ဆိုင်ရာ တပ်ဖွဲ့တစ်ဖွဲ့၏ခေါင်းဆောင် ကာလီဖာဟက်ဖ်တာက ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့သည် ရက်စ်လာနဖ်ဒေသကို အပြည့်အဝထိန်းချုပ်ထားကြောင်း အဆိုပါတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အာမက်အယ်လ်မီးစ်မာရီက ပြောကြားသည်။ အယ်လ်ဆီဒရာရေနံတင်ဆိပ်ကမ်းကိုလည်း သိမ်းယူရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းဒေသတွင် စိုးမိုးထားသည့် ဒေသဆိုင်ရာစစ်ဘုရင်ဟက်ဖ်တာက မိမိတို့၏တပ်ဖွဲ့သည် ထိုးစစ်တစ်ရပ် ဆင်နွှဲခဲ့ပြီး အဆိုပါရေနံဆိပ်ကမ်းများကို ပြန်လည်သိမ်းယူနိုင်ခြင်းဖြစ်ကြောင်း ယင်းနေ့အစောပိုင်းတွင် ပြောကြားခဲ့သည်။ လစ်ဗျားနိုင်ငံ အရှေ့မြောက်ပိုင်း ရေနံမြေဒေသတွင် ရက်သတ္တတစ်ပတ်ကြာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် ရေနံတင်ဆိပ်ကမ်းနှစ်ခုကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။ လစ်ဗျားနိုင်ငံ စီးပွားရေးတွင် အဓိကကျသော ရေနံစိမ်းထုတ်လုပ်မှုမှာ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် လျော့ကျသွားခဲ့သည်။

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီ၏ အရှေ့ဘက် ကီလိုမီတာ ၆၅၀ (မိုင် ၄၀၀) အကွာရှိ ရက်စ်လာနဖ်နှင့်အယ်လ်ဆီဒရာ ရေနံတင်ဆိပ်ကမ်းတို့ကို လက်နက်ကိုင်အဖွဲ့များက ဇွန် ၁၄ ရက်တွင် တိုက်ခိုက်ခဲ့သည်။

လစ်ဗျားနိုင်ငံအား ကာလရှည်ကြာစွာ အုပ်စိုးခဲ့သည့် ကွယ်လွန်သူ မွမ်မာကဒါဖီအား ၂၀၁၁ ခုနှစ်တွင် ရာထူးမှ ဖယ်ရှားခဲ့ပြီးနောက် ရေနံတင်ပို့သည့် ဆိပ်ကမ်းနှစ်ခုကို ရေနံမြေလုံခြုံရေးအစောင့်တပ်ဖွဲ့ အကြီးအကဲ အီဗရာမင် ဂျက်ဟရန်က ထိန်းချုပ်ထားပြီး နှစ်အတန်ကြာမျှ ပြည်ပသို့ ရေနံတင်ပို့မှုကို ပိတ်ဆို့ထားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အက်ဖ်တာ၏ လစ်ဗျားအမျိုးသားတပ်မတော် (အယ်လ်အင်န်အေ) က ၎င်း၏တပ်ဖွဲ့ကို တိုက်ထုတ်ပစ်ခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း ဂျာဟရန်က ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် အယ်လ်-မက်ဟာဘာအဖွဲ့ကို ဖိတ်ခေါ်ခဲ့ပြီး ဆိပ်ကမ်းများကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် မဟာမိတ်ဖွဲ့ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




# စင်ကာပူ-နယူးယောက် တိုက်ရိုက်ခရီးစဉ်ပျံသန်းမှု စင်ကာပူလေကြောင်းလိုင်း ပြန်လည်ပြုလုပ်မည်

**စင်ကာပူ ဇွန် ၂၁**

စင်ကာပူလေကြောင်းလိုင်း (အက်စ်အိုင်အေ)သည် လာမည့် အောက်တိုဘာလမှစ၍ စင်ကာပူနှင့် နယူးယောက်အကြား ၁၉ နာရီကြာမြင့်မည့် တိုက်ရိုက်လေကြောင်းခရီးစဉ်ပျံသန်းမှုကို ပြန်လည်ပြုလုပ်တော့မည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ဧရိယာအတွင်းရှိ နီဝပ်လေဘာတီ နိုင်ငံတကာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ တိုက်ရိုက်လေကြောင်းခရီးစဉ် ပျံသန်းမှုကို လာမည့်ဆောင်းဦးပေါက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ မိုင်ပေါင်း ၁၀၀၀၀ ခန့် အကွာအဝေးရှိ ခရီးတာကို ၁၈ နာရီနှင့် ၄၅ မိနစ်အချိန်ယူကာ ပျံသန်းမည်ဖြစ်ကြောင်း စင်ကာပူလေကြောင်းလိုင်းက ထုတ်ပြန်ကြေညာသည်။

စင်ကာပူ-နယူးယောက် လေကြောင်းခရီးစဉ်သည် ကမ္ဘာပေါ်တွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး လေယာဉ်များ၏ လေကြောင်းခရီးစဉ်များအနက် ခရီးတာအဝေးဆုံး လေကြောင်းခရီးစဉ်ဖြစ်မည် ဆို၏။

စင်ကာပူ-နယူးယောက် တိုက်ရိုက်ခရီးစဉ် ပျံသန်းမှုကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်အရောက်တွင် ရေနံဈေးနှုန်းမြင့်တက်လာမှုကြောင့် ပြန်လည်ဖျက်သိမ်းခဲ့သည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့ဖလားအားကစားသတင်းများ



## ဩစတြေးလျနှင့် သရေဖြစ်ခဲ့သော ဒိန်းမတ် လေးမှတ်စုဆောင်းနိုင်ခဲ့

ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(C)၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဒိန်းမတ်အသင်းနှင့် ဩစတြေးလျအသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒိန်းမတ်အသင်းသည် ပထမပိုင်းပွဲကစားချိန် ခုနစ်မိနစ်မှာပင် ကွင်းလယ်ကစားသမားအဲရစ်ဆင်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ သို့ရာတွင် ဩစတြေးလျအသင်းက ပွဲကစားချိန် ၃၈ မိနစ်တွင် ပင်နယ်တီသွင်းဂိုးရရှိခဲ့ပြီး ယင်းပင်နယ်တီသွင်းဂိုးကြောင့် ဩစတြေးလျအသင်းက ချေပဂိုးပြန်လည်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဒိန်းမတ်အသင်းသည် ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာခဲ့ပြီး ဩစတြေးလျအသင်းမှာမူ ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ ဒိန်းမတ်အသင်းသည် ယခုပွဲစဉ်တွင် သရေတစ်မှတ်ရရှိခဲ့ခြင်းကြောင့် နှစ်ပွဲကစားအပြီးတွင် လေးမှတ်စုဆောင်းနိုင်ခဲ့ပြီး ဩစတြေးလျအသင်းမှာမူ နိုင်ပွဲပျောက်ဆုံးခဲ့ကာ တစ်မှတ်သာရယူနိုင်ခဲ့သည်။ ဒိန်းမတ်အသင်းမှာ လေးမှတ်ရရှိထားခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည့်အခွင့်အရေးတစ်ရပ်လည်း နီးစပ်သွားခဲ့ပြီဖြစ်သည်။ ဒိန်းမတ်သည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်အဖြစ် ပြင်သစ်နှင့်လည်းကောင်း၊ ဩစတြေးလျသည် ပီရူးနှင့်လည်းကောင်း ဇွန် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ကွင်းလယ်ကစားသမား ဒီလီအလီ ပနားမားနှင့် ပွဲစဉ် လွဲချော်ဖွယ်ရှိ



© FIFA via Getty Images

အင်္ဂလန်ကွင်းလယ်ကစားသမား ဒီလီအလီသည် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဇွန် ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့သည့်အပြင် ပနားမားအသင်းနှင့် ပွဲစဉ်တွင်လည်း လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဒီလီအလီသည် အုပ်စု(G)၏ အဖွင့်ပွဲစဉ်ဖြစ်သည့် အင်္ဂလန်အသင်းနှင့် တူနီးရှားအသင်းတို့ ပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၈၀ အထိ ပါဝင်ကစားနိုင်ခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းနှင့် တူနီးရှားအသင်းတို့၏ ပွဲစဉ်တွင် ဒီလီအလီသည် အင်္ဂလန်အသင်းအတွက် အကောင်းဆုံးပါဝင်ကစားပေးခဲ့ပြီး အင်္ဂလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီလီအလီသည် လက်ရှိတွင် အပေါ်စား ဒဏ်ရာရရှိထားကြောင်းလည်း တွစ်တာစာမျက်နှာတွင် ဖော်ပြထားကြောင်း သိရသည်။



## ကော်စတာ၏ သွင်းဂိုးဖြင့် စပိန်အသင်း အီရန်အသင်းကို အနိုင်ရ

စပိန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တိုက်စစ်မှူး ကော်စတာ၏ သွင်းဂိုးဖြင့် စပိန်အသင်းက အနိုင်ရရှိခဲ့သည်။

စပိန်အသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိပြီး အုပ်စုအဆင့်နောက်ဆုံးပွဲတွင် သရေတစ်မှတ်ရရုံဖြင့် နောက်တစ်ဆင့်တက်နိုင်မည့် အခွင့်အရေးရှိနေသည်။

အီရန်အသင်းနှင့် စပိန်အသင်းတို့၏ ပွဲစဉ် ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်တွင် တိုက်စစ်မှူးကော်စတာက စပိန်အသင်းအတွက် အနိုင်ဂိုးတစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အီရန်အသင်းမှာ ကမ္ဘာ့ဖလားတွင် ဥရောပအသင်းများနှင့် တွေ့ဆုံတိုင်း နိုင်ပွဲတစ်ပွဲမျှရရှိခဲ့ခြင်းမရှိခဲ့ပေ။ အီရန်အသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့်လည်းကောင်း၊ စပိန်အသင်းမှာ မော်ရိုကိုအသင်းနှင့်လည်းကောင်း ဇွန် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အီရန်၊ စပိန်၊ ပေါ်တူဂီနှင့် မော်ရိုကို အသင်းတို့၏ အုပ်စုတွင် စပိန်အသင်းက လေးမှတ်၊ ပေါ်တူဂီအသင်းက လေးမှတ်နှင့် အီရန်အသင်းက သုံးမှတ်အသီးသီးရယူထားနိုင်ခဲ့ပြီး မော်ရိုကိုအသင်းမှာမူ ရမှတ်တစ်မှတ်မှ ရရှိထားခြင်းမရှိဘဲ အုပ်စုအဆင့်မှာပင် ကမ္ဘာ့ဖလားပြိုင်ပွဲကို လက်ပြနှုတ်ဆက်ရတော့မည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

## ဘရာဇီးအသင်း အနိုင်သုံးမှတ်အပြည့်ရနိုင်မယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်များ

**ယနေ့ညပိုင်းမှာ ကစားမယ့် ပွဲစဉ်တွေထဲမှာ နာမည်ကြီး ဘရာဇီးအသင်းရဲ့ ပွဲစဉ်ပါဝင်နေပြီး ဘရာဇီးဟာ အဖွင့်ပွဲစဉ်မှာ သရေတစ်မှတ်သာရထားတာမို့ နိုင်ပွဲရဖို့ရှုန်းကန်လာမှာဖြစ်လို့ ဘရာဇီးပွဲစဉ်ဟာ စိတ်ဝင်စားစရာပွဲစဉ်ဖြစ်လာမှာပါ။ ဒါကြောင့် ဒီညကစားမယ့် ပွဲစဉ်တွေဖြစ်တဲ့ ဘရာဇီးနဲ့ ကော်စတာရီကာ၊ နိုင်ဂျီးရီးယားနဲ့ အိုက်စလန်၊ ဆားဘီးယားနဲ့ ဆွစ်ဇာလန် စတဲ့ပွဲစဉ်တွေနဲ့ ပတ်သက်ပြီး တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။**

**ဘရာဇီး-ကော်စတာရီကာ ည ၆း၃၀ နာရီ၊ ၂၂-၆-၂၀၁၈**

ဒီနှစ်သင်းဟာ အုပ်စုအဆင့်ပထမပွဲစဉ်မှာ နိုင်ပွဲပျောက်ခဲ့တဲ့နှစ်သင်းလည်း ဖြစ်ပါတယ်။ ဘရာဇီးက ဆွစ်ဇာလန်အသင်းကို တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်ခဲ့သလို ကော်စတာရီကာအသင်းကလည်း ဆားဘီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာပါ။ အဲဒါကြောင့် နှစ်သင်းစလုံးဟာ နောက်တစ်ဆင့်တက်ဖို့ဆိုရင် နိုင်ပွဲရဖို့လိုအပ်မှာဖြစ်ပြီး ကစားသမားအင်အားပိုင်းအရ ဘရာဇီးက အသာရထားပါတယ်။ ဘရာဇီးအသင်းနဲ့ ကော်စတာရီကာအသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင်လည်း နောက်ဆုံးငါးပွဲထိပ်တိုက်တွေ့ထားရာမှာ ဘရာဇီးအသင်းက ငါးပွဲစလုံးအနိုင်ရထားပြီး ကော်စတာရီကာအသင်းကတော့ နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ အစဉ်အလာကြီးမားသလို အခုရုရှားကမ္ဘာ့ဖလားမှာလည်း ချန်ပီယံဖြစ်ဖို့ရေပန်းစားနေတဲ့အသင်းဖြစ်ပြီး ကော်တင်ဟို၊ ပေါ်လင်ဟို၊ ဝီလီယံတို့လို ဘရာဇီးအသင်း၏ ကွင်းလယ်ပိုင်းအတွေ့အကြုံရင့်ကျက်တဲ့ ကစားသမားတွေရှိနေတဲ့အပြင် တိုက်စစ်ပိုင်းမှာလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားစာရင်းဝင် နေမာရှိနေပါတယ်။ ဒါ့အပြင် နောက်တန်းခံစစ်ကြောင်းကြည့်မယ်ဆိုရင်လည်း မာဆယ်လို၊ ဒန်နီလို၊ သီယာဂိုဆေးဗားလ်တို့လို ကစားသမားတွေရှိနေတာကလည်း ကော်စတာရီကာအသင်းအနေနဲ့ ဘရာဇီးအသင်းကို ကျော်ဖြတ်ဖို့မလွယ်ကူပါဘူး။ တိုက်စစ်၊ ကွင်းလယ်၊ နောက်တန်းစတဲ့ စည်းသုံးချက်ညီတဲ့ ဘရာဇီးအသင်းကပဲ အနိုင်သုံးမှတ်ကို အပြည့်ရယူသွားဖို့ရှိနေပါတယ်။

**နိုင်ဂျီးရီးယား-အိုက်စလန် ည ၉း၃၀ နာရီ၊ ၂၂-၆-၂၀၁၈**

နိုင်ဂျီးရီးယားအသင်းဟာ လက်ရှိအုပ်စုမှာ ရမှတ်တစ်မှတ်မှ မရသေးတဲ့အသင်းပါ။ အိုက်စလန်ကတော့ နာမည်ကြီး အာဂျင်တီးနားအသင်းကိုတောင် သရေခံကစားနိုင်တဲ့ခြေစွမ်းရှိတဲ့အသင်းပါ။ ဒါကြောင့် အမှတ်လိုအပ်နေတဲ့အသင်းနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုက ပရိသတ်တွေရဲ့ အာရုံကိုဖမ်းစားမယ့်ပွဲပါ။ နိုင်ဂျီးရီးယားအသင်းမှာ မော့ဆက်၊ အိုင်ဝိုဘီ၊ အန်ဒီဒီတို့လို ခြေတက်ကစားသမားတွေရှိနေပြီး အိုက်စလန်ကတော့ နာမည်ကြီးကစားသမား သိပ်မရှိပေမယ့် အသင်းလိုက်စုဖွဲ့မှုအားကောင်းပါတယ်။ ဒါကြောင့် အိုက်စလန်က ဘယ်အသင်းမဆို ဒုက္ခပေးနိုင်တဲ့အသင်းဖြစ်တာကြောင့် ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာ သရေရလဒ်ဘက်ကို ဦးတည်သွားနိုင်ပါတယ်။

**ဆားဘီးယား-ဆွစ်ဇာလန် နံနက် ၀၀း၃၀ နာရီ၊ ၂၃-၆-၂၀၁၈**

ဆားဘီးယားအသင်းက အုပ်စုအဆင့်ပထမပွဲစဉ်မှာ ကော်စတာရီကာကို အနိုင်ရရှိပြီး သုံးမှတ်ရယူစုဆောင်းနိုင်ခဲ့တာမို့ လက်ရှိအုပ်စုမှာ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ အခုထိပ်တိုက်တွေ့နေတာက ဆွစ်ဇာလန်အသင်းဖြစ်တာကြောင့် လွယ်လွယ်နဲ့ အနိုင်ယူဖို့တော့မဖြစ်နိုင်ပါဘူး။ ဘာလို့လဲဆိုရင် ဆွစ်ဇာလန်အသင်းဟာ ဘရာဇီးအသင်းကိုတောင် သရေကစားနိုင်တဲ့ခြေစွမ်းရှိထားတာကိုလည်း သတိပြုရမှာပါ။ ဆွစ်ဇာလန်အသင်းမှာ ရှာကီရီ၊ ဇူးဘား၊ ဇာကာတို့လို ခြေစွမ်းကောင်းတဲ့ ကစားသမားတွေရှိနေပါတယ်။ ဒါပေမယ့် ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်ငါးပွဲကို ပြန်ကြည့်မယ်ဆိုရင်တော့ အားရစရာခြေစွမ်းမရှိပါဘူး။ တစ်ပွဲတိုးခြေစွမ်းရှိတာဟာ ဆွစ်ဇာလန်ရဲ့အားသာချက်တစ်ခုပါ။ ဆားဘီးယားမှာ မာတစ်၊ ကိုလာရော့ဗ်၊ အိုင်ဗန်နိုဗစ်၊ မီထရိုဗစ်တို့လို ဝါရင့်ကစားသမားရှိနေပါတယ်။ ၄-၂-၃-၁ ကစားကွက်ကို မူပိုင်အဖြစ်အသုံးပြုပွဲထွက်လာဖို့ရှိနေပြီး ဒီနှစ်သင်းရဲ့တွေ့ဆုံမှုက ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်လို့ ကစားသမားအင်အားတောင့်တင်းမှုအပိုင်းမှာ အားသာချက်ရှိတဲ့ ဆားဘီးယားအသင်းက နိုင်ဖို့ရာခိုင်နှုန်း များနေပါတယ်။

# လှိုင်သာယာမြို့နယ်၌ မီးလောင်မှုကြောင့် ကျူးကျော်နေအိမ် ၁၆ လုံးဆုံးရှုံး

**ရန်ကုန် ဇွန် ၂၁**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြရိပ်ညို ၂ လမ်းနှင့် ဇီဇဝါလမ်းထောင့်၌ ယနေ့ နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၀၀ နာရီ မိနစ် ၄၀ ခန့်က လှိုင်သာယာ မြို့နယ် အမှတ် ၅ ရပ်ကွက် မြရိပ်ညို ၂ လမ်းနှင့် ဇီဇဝါလမ်းထောင့်၌ နေထိုင်သော ဒေါ်ကရင်မ(ခ)ဒေါ်အေးထရီ အိမ်တွင် ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ထားရာ ဖယောင်းတိုင်လဲကျပြီး ကြမ်းခင်းသို့ မီးကူးစက်လောင်ကျွမ်းခဲ့ကာ ကျူးကျော်နေအိမ် ၁၆ လုံး ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဝိုင်းဝန်းငြိမ်းသတ်သူတစ်ဦးက ပြောကြားသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း ဦးဆောင်၍ လှိုင်သာယာမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီးအပါအဝင် အခြားမြို့နယ် မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ် စုစုပေါင်း ၁၂ စီးနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ဒေါ်ကရင်မ(ခ) ဒေါ်အေးထရီအား လှိုင်သာယာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပွင့်သစ္စာ**



# လှည့်ကင်းဆောင်ရွက်စဉ် တရားခံပြေးတစ်ဦးအား ဖမ်းမိ

**ဘားအံ ဇွန် ၂၁**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့ အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက လှည့်ကင်းဆောင်ရွက်စဉ် မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိသည့် တရားခံပြေးတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၁ နာရီခွဲခန့်က အိန္ဒုနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်ကျော်ကို ဦးစီးသည့် လှည့်ကင်းအဖွဲ့သည် ရဲစခန်းအပိုင်နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အိန္ဒုစံပြကျေးရွာ တိုက်နယ်ဆေးရုံအနီး အမျိုးသားတစ်ဦးကိုတွေ့ရှိ၍ စစ်ဆေးရာ နေဇော်(ခ)ပုံပုံ (၂၈)နှစ် အောင်ရတနာရပ်ကွက် အိန္ဒုစံပြကျေးရွာ ဘားအံမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ၎င်းမှာ အိန္ဒုနယ်မြေရဲစခန်းမှ အလိုရှိသည့် တရားခံပြေးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိ၍ ယခင်ပြစ်မှုဖြင့် တရားစွဲတင်ပို့နိုင်ရန် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၆၉ စီး၊ သွင်းကုန် ၉၇၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု(ခန့်မှန်း တန်ဖိုးငွေကျပ် သုည ဒသမ ၆၇ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၁၅၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၈၂၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများ၌ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1 x 50 kg) (447)Bags၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၃၀၄ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါက်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ပေါက် ဇွန် ၂၁**
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ပူးပေါင်းအဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် ညနေပိုင်းတွင် သတင်းအရ ပေါက်မြို့နယ် လက်ပံတိုကျေးရွာနေ ဦးဝင်းစိုး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်အောက်ထပ်တွင် အတူရှိနေသော ဦးစောမင်းနှင့် ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၊ ဘိန်းဖြူဟုယူဆရသည့် ဖြူဝါရောင်အမှုန့် ၅၉ ဂရမ်နှင့်အတူ ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ လက်ပံတိုရေနံမှော်တဲတိုက်တွင်နေထိုင်သူ ဦးဝင်းမောင်နှင့် မြိုင်မြို့နယ်ကျော်ရွာကျေးရွာနေ မအေးမာ၊ မြိုင်မြို့နယ် သပြေကုန်းကျေးရွာနေ ဦးခိုင်စိုးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၊ ဘိန်းဖြူဟုယူဆရသည့် ဖြူဝါရောင်အမှုန့် လေးဂရမ်ခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

# တမူးမြို့နယ်တွင် တရားမဝင်သစ်ခြောက်တန်ကျော် သိမ်းဆည်းရမိ

**တမူး ဇွန် ၂၁**
တမူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့နှင့် သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၀ ရက်က တမူးမြို့နယ် အူးစူးကျေးရွာ၏ အနောက်ဘက်တောစပ်၌ နွားလှည်း လေးစီးပေါ်တွင် တင်ဆောင်ထားသည့် ကျွန်းသစ်ခွဲသား ၁ ဒသမ ၀၄၁၉ တန်ကို လည်းကောင်း၊ တမူးမြို့၏ အရှေ့တောင်ဘက် တမူး-ရေအေးသွားလမ်းမပေါ်တွင် သုံးဘီးဆိုင်ကယ်ဖြင့် တင်ဆောင်ထားသော ကျွန်းခွဲသား ၁ ဒသမ ၀၉၃၈ တန်ကိုလည်းကောင်း၊ ဇွန် ၁၉ ရက်က တမူးမြို့မှ ခြောက်မိုင်ခန့်အကွာ ရေအေးကျေးရွာ အနောက်ဘက် အင်းသာလေးကွင်းအနီး ကိုင်းတောဘေးတွင် ကျွန်းခွဲသား၊ ပျဉ်းကတိုးခွဲသားနှင့် ကညင်ခွဲသား စုစုပေါင်း ၄ ဒသမ ၄၂၆၄ တန်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါသိမ်းဆည်းရမိသစ်များကို လုံခြုံသည့်နေရာသို့ သယ်ယူရွှေ့ပြောင်းရေးအတွက် သစ်တောဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**



# မြန်မာ့ရုပ်မြင်သံကြား

**၂၂-၆-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ MRTV Travelogue
၈း၃၅ "ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ရပ်ရွာအသိုက်အဝန်းဆီသို့" (အပိုင်း-၂)
၈း၅၀ မျက်မှောက်ရေးရာအဖြာဖြာ
၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၁း၃၀ အလုပ်သမားရေးရာအစီအစဉ်
၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း၅)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Livel-III)(ပွဲစဉ်-၂) (ရန်ကုန်မြို့) (တတိယပိုင်း)
၁၄း၀၀ "မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေး စကားဝိုင်း"(အပိုင်း-၂)
၁၄း၃၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "ထို့ကြောင့်ဤအရာကို အချစ်ဟုခေါ်သည်"(အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီအောင်လွင်)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၆)

**ညပိုင်း**

၁၆း၃၅ "Weekly MNL Review" (Week-16)
၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း "လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ"(အပိုင်း-၂)
၁၇း၂၅ "ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ညောင်ကျိုးကျေးရွာအုပ်စုနှင့် မြောက်ရွာကျေးရွာအုပ်စု ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခန်း"
၁၇း၃၅ Weekly Sport Info
၁၈း၂၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ပင်လယ်ကြီးကဘာပြောလဲ" (ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဖြိုးငွေစိုး၊ စိုးမြတ်သူဇာ၊ အိချောပို၊ သန္တာဗို၊ ရတနာဗို)
၁၈း၄၀ "ပြည်သူများအတွက် သုံးရန်အသစ် အလိုအလျောက် မီတာဖတ်စနစ်"
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၆)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ -ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် အဓိကလိုက်နာရမည့်အချက်များနှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ဖွယ်နည်းလမ်းများအကြောင်း သိကောင်းစရာ"
-America's Got Talent
-ဟာသရုပ်စုံစင်တော်ကြီး "ဆိုက်ကို"(သရုပ်ဆောင်-ဝက်မ၊ ပေါ်ဦး၊ ငွေတိုး၊ ခိုင်သင်းစံ) (ဒါရိုက်တာ-ညီညီဘမောင်)
"မေတ္တာနှင့်သူရာ" (စောမြတ်နိုး၊ စောယုနန္ဒာ၊ ထက်နေချမ်း၊ ဘလိတ်၊ ကိုဖိုးချမ်း၊ ခွန်းသစ်နေ) (ဒါရိုက်တာ-သီတာလင်း)
၁၂း၀၀ ၂၀၁၈ ခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Serbia Vs Switzerland)

**အစီအစဉ်ပြီး၏။**

# ဟိုင်းကြီးကျွန်းအနီး ပင်လယ်ပြင်တွင် စက်လှေတစ်စင်းနစ်မြုပ်

**ဟိုင်းကြီးကျွန်း ဇွန် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် ကံချိုင်ကျေးရွာအုပ်စု ကျားတန်းကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ကျော်ခန့်အကွာ (လိပ်ကျွန်းနှင့် မော်တင်စွန်းအကြား) ပင်လယ်ပြင်တွင် ယနေ့ နံနက်ပိုင်းက လှိုင်းလေကြောင့် စက်လှေတစ်စင်း ရေဝင်နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

စက်လှေပေါ်ပါသူများက တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံမှုကြောင့် ခမောက်မော်ကျေးရွာနေ ဦးသန်းဇော် (စက်လှေပိုင်ရှင်) ပါနှစ်ဦးက အချိန်မီသွားရောက်ကယ်ဆယ်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် နစ်မြုပ်စက်လှေပေါ်ပါ လူအားလုံး ကယ်ဆယ်နိုင်ခဲ့သဖြင့် ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

အဆိုပါစက်လှေမှာ ငရုပ်ကောင်းမြို့ ကွင်းဘက်ကျေးရွာနေ ဦးသက်ပိုင်စိုးပိုင်ဆိုင်သောစက်လှေဖြစ်ပြီး သဗ္ဗာန်ကျေးရွာနေ အငယ်ကောင်(ခ) အောင်ဇော်မိုး(စက်လှေဦးစီး) အပါအဝင် စက်လှေလုပ်သားလေးဦး စီးနင်းလိုက်ပါလာကြောင်း၊ ဇွန် ၂၀ ရက် ညနေပိုင်းက သဗ္ဗာန်လေးကျေးရွာမှ လပွတ္တာဘက်သို့သွားရန် ထွက်ခွာလာခဲ့ကြပြီး ကျားတန်းကျေးရွာ၏ အရှေ့တောင်ဘက် တစ်မိုင်ကျော်ခန့်အကွာ (လိပ်ကျွန်းနှင့် မော်တင်စွန်းအကြား)ပင်လယ်ပြင်တွင် စက်ချွတ်ယွင်း၍ ပြန်လည်ပြုပြင်နေစဉ် ယနေ့နံနက်ပိုင်းက လှိုင်းလေကြောင့် ရေဝင်နစ်မြုပ်သွားခဲ့ကြောင်း၊ စက်လှေမှာ ရေအောက်သို့ နစ်မြုပ်သွားခြင်းမဟုတ်ဘဲ လှေသားအားလုံး စက်လှေခေါင်မိုးပေါ်တွင် တက်နေကြပြီး တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ ကံချိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဆက်အသွယ်ရရှိရာမှ နစ်မြုပ်စက်လှေပေါ်ပါ လုပ်သားများကို ဒေသခံစက်လှေ တစ်စင်းဖြင့် သွားရောက်ကယ်ဆယ်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့်ဥပဒေ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ တစ်ဆက်တည်းမှာပင် ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းရမည့်နေ့ရက်များ၊ စိစစ်မည့်နေ့ရက်များ၊ တင်သွင်းလွှာများကို ပြန်လည်ရုပ်သိမ်းနိုင်သည့် နေ့ရက်များကိုလည်း ကြေညာခဲ့သည်။ ထို့ပြင်မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း+ပြည်ပ) မဲဆန္ဒရှင်များကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပုံစံ (၁၅) များကို ထုတ်ယူခြင်း၊ ဖြည့်သွင်းခြင်း၊ ပြန်လည်ပေးပို့ခြင်းများအတွက်လည်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ယခုတစ်ဖန် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာလိုသူ (ပြည်တွင်း+ပြည်ပ) များသည် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာခွင့်ကို ၆ - ၆ - ၂၀၁၈ ရက်နေ့မှ စတင်ကာ ၁၈-၁၀-၂၀၁၈ ရက်နေ့အထိ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရှိရသည်။

ဤတွင် လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်နည်းဥပဒေများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအရ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် မည်သို့ လျှောက်ထားရမည်နည်း။ ယင်းတို့၏ အခွင့်အရေးနှင့် တာဝန်များသည် မည်သို့သတ်မှတ်ထားသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူဟူသည်**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူဟုဆိုရာတွင်-

ပထမအချက်၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ရှိသည်။ ယင်းအဖွဲ့များသည် မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ အသိအမှတ်ပြုလွှာ လျှောက်ထားရယူရန်လိုသည်။ ယင်းအဖွဲ့က တာဝန်ပေးခြင်းခံရသော မြန်မာနိုင်ငံသားများသည် ပြည်တွင်းရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများဖြစ်သည်။ ယင်းတို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ သက်သေခံကတ်ပြား ရရှိထားရန်လိုသည်။

ဒုတိယအချက်၊ နိုင်ငံတကာ(ပြည်ပ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ရှိသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ အသိအမှတ်ပြုလွှာကို လျှောက်ထားရယူဖို့လိုသည်။ ယင်းအဖွဲ့က တာဝန်ပေးခြင်းခံရသော နိုင်ငံခြားသား သို့မဟုတ် မြန်မာနိုင်ငံသားသည် ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဖြစ်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သက်သေခံကတ်ပြားရရှိရန်လိုသည်။

တတိယအချက်၊ သံအဖွဲ့များမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများဖြစ်သည်။ ပြည်ပစောင့်ကြည့်လေ့လာရေး အဖွဲ့ပင်ဖြစ်သည်။ မြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှုပြုထားသည့် နိုင်ငံခြားသံရုံး၊ ကောင်စစ်ဝန်ရုံး သို့မဟုတ် အမြဲတမ်းကိုယ်စားလှယ်ရုံးတို့က တာဝန်ပေးခံထားရသူများဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သက်သေခံကတ်ပြား ရရှိထားရန်လိုသည်။

**အသိအမှတ်ပြုလွှာလျှောက်ထားခြင်း**

ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ လေ့လာလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ခရိုင်တစ်ခုထက်ပို၍ လေ့လာလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း၊ ခရိုင်တစ်ခုအတွင်းရှိ မြို့နယ်တစ်ခုထက်ပို၍ လေ့လာလိုပါက သက်ဆိုင်ရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း၊ မြို့နယ် တစ်ခုတည်းတွင် လေ့လာလိုပါက သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင်လည်းကောင်း လျှောက်ထားကြရမည်။

နိုင်ငံတကာ(ပြည်ပ) ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်ပြီး သံအဖွဲ့များသည် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖိတ်ကြားလွှာရရှိပြီးနောက်တွင် အသိအမှတ်ပြုရန်လျှောက်လွှာများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့လျှောက်ထားရမည်။

**မည်သည့်အခွင့်အရေးများရရှိပါသနည်း**

အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ယင်းတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ( ပြည်တွင်း+ပြည်ပ) တို့သည် အောက်ပါအခွင့်အရေးများရှိသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေအကာအကွယ်နှင့် လုံခြုံရေးအကာအကွယ်၊
(ခ) စောင့်ကြည့်လေ့လာခွင့်နှင့် သတင်းအချက်အလက်များရယူနိုင်ခွင့်၊
(ဂ) မဲပေးခြင်း၊ ရေတွက်ခြင်းနှင့် ရလဒ်များစာရင်းပြုစုခြင်းတို့ကို စောင့်ကြည့်လေ့လာခွင့်၊
(ဃ) မဲရုံအတွင်း ဝင်ရောက်စောင့်ကြည့်လေ့လာခွင့် (မဲရုံအတွင်းသတင်းပို့ပြီးမဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်)
(င) မဲရုံအတွင်းမှအပ အခြားနေရာများတွင် မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာ အသုံးပြုခွင့်၊
(စ) ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံ အသိပေးအကြောင်းကြားခွင့်။

ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ယင်းတို့၏ လုံခြုံရေးအတွက် ခွင့်မပြုနိုင်သည့် နေရာဒေသများမှအပ ရွေးကောက်ပွဲပြုလုပ်မည့် ဒေသများတွင် လွတ်လပ်စွာ သွားလာခွင့်ရှိသည်။

**မည်သည့်တာဝန်များရှိကြပါသနည်း**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ (ပြည်တွင်း+ပြည်ပ) သည် အောက်ပါတာဝန်များ ရှိသည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများ၊ ကျင့်ဝတ်များကို လိုက်နာရန်၊
(ခ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီးတို့ထံ စောင့်ကြည့်လေ့လာမည့် နယ်မြေအလိုက် သတင်းပို့ရန်၊
(ဂ) စောင့်ကြည့်လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊
(ဃ) စီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍနှင့် ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊
(င) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကိုလေးစားရန်၊
(စ) စောင့်ကြည့်လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာရန်၊
(ဆ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ပေးပို့သော သတင်းအချက်အလက်များသည် တိကျသေချာမှုရှိစေရန်။

ပြည်ပမှ ရွေးကောက်ပွဲလေ့လာသူများသည် ယင်းတို့၏ စောင့်ကြည့်လေ့လာမှု ကုန်ကျစရိတ် အားလုံးကို ကျခံရမည်ဖြစ်သည်။

**အစီရင်ခံစာတင်သွင်းခြင်း**

ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၏အစီရင်ခံစာကို ယင်းတို့အတွက် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် ကော်မရှင်သို့မဟုတ် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံသို့ တင်ပြရမည်။ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်။

**စောင့်ကြည့်လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ**

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ (ပြည်တွင်း+ပြည်ပ) သည် အောက်ဖော်ပြပါဆိုင်ရာ ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကို ဥပဒေနှင့်အညီ စောင့်ကြည့်လေ့လာနိုင်သည်-

(က) ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များ၊
(ခ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊
(ဂ) မဲဆန္ဒရှင်သတင်းအချက်အလက်နှင့်မဲစာရင်းပြုစုခြင်း၊
(ဃ) ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့် ရုပ်သိမ်းခြင်း၊
(င) ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းအတည်ပြုကြေညာခြင်း၊
(စ) မဲလက်မှတ်များရိုက်နှိပ်ခြင်း၊
(ဆ) မဲဆွယ်စည်းရုံးခွင့်ကာလနှင့် မဲဆွယ်စည်းရုံးခြင်း ရပ်နားသည့်ကာလ၊
(ဇ) ကြိုတင်ဆန္ဒမဲပေးခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့်မဲရလဒ်စာရင်းပြုစုခြင်း၊
(ဈ) ပါတီများနှင့် ကိုယ်စားလှယ်လောင်းများသုံးစွဲသော ရွေးကောက်ပွဲအသုံးစရိတ်များ၊
(ည) ရွေးကောက်ပွဲရလဒ်ကြေညာခြင်းနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာခြင်း၊
(ဋ) ရွေးကောက်ပွဲကန့်ကွက်လွှာအမှုများစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း။

**ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်**

သတ်မှတ်ပေးထားသောတာဝန်များနှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူအဖြစ် ခွင့်ပြုထားခြင်းမှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။

**မည်မျှလာရောက်လေ့လာစောင့်ကြည့်ခဲ့ကြပါသနည်း**

၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူ ၂၁၆၂ ဦးရှိသည်။ ပြည်ပရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ၃၂၂ ဦး ရှိသည်။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အား**

ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီတွေ စုံစုံညီညီရှိကြသည်။ ပုံမှန်အထွေထွေရွေးကောက်ပွဲများရှိသည်။ ကြားဖြတ်ရွေးကောက်ပွဲများရှိသည်။ ရွေးကောက်ပွဲရှိလျှင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများရှိသည်။ ရွေးကောက်ပွဲတစ်ခု၏ စံချိန်စံညွှန်းကို ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက လေ့လာသုံးသပ်အကဲခတ်ကြသည်။ အားနည်းချက်များ၊ အားသာချက်များကို ထောက်ပြကြသည်။ လိုအပ်ချက်များကို အကြံပြုကြသည်။ ဤသို့ဖြင့် ပို၍ပို၍ကောင်းမွန်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်စီမံကြသည်။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏အားသည် ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲများဖြစ်ပေါ်စေသည်မှာ အမှန်ပင်။

> **“ရွေး ကောက်ပွဲများ ကျင်းပသည့်အခါတိုင်း ဥပဒေနှင့် အညီ လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာရမည်၊ အများယုံကြည် လက်ခံနိုင်ရမည်၊ မဲဆန္ဒရှင်များ၏ ဆန္ဒအစစ်အမှန် ...”**

**ဝေဖန်သုံးသပ်အကြံပြုချက်များပေးကြပါ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲများ ကျင်းပသည့်အခါတိုင်း ဥပဒေနှင့် အညီ လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာရမည်၊ အများယုံကြည်လက်ခံနိုင်ရမည်၊ မဲဆန္ဒရှင်များ၏ ဆန္ဒအစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်ရမည်ဟူသော မူဝါဒချက်နှင့်အညီ ကျင်းပရန် သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို သိနေရသည်။

လာမည့် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် ဝေဖန်၊ သုံးသပ်၊ အကဲခတ်၍ အကြံပြုချက်များပေးကြပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုဆိုနေလိမ့်မည်ဟု ယုံကြည်မိကြောင်းပါ။

**ဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ ကျင့်ဝတ်များနှင့်အညီ စောင့်ကြည့်လေ့လာနိုင်ကြပါစေ၊**

**မှန်ကန်တိကျ၊ ဘက်မလိုက်၊ မျှတသော အကြံပြုချက်များ ပေးနိုင်ကြပါစေ။**

***ကိုးကားချက်***

- *လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် နည်းဥပဒေများ၊*
- *ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆၊ ပြည်တွင်း စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခြင်းနှင့်*
- *အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆၊ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ထုတ်ပြန်ခြင်း။*

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် စကိတ်သရုပ်ပြပွဲနှင့် ပြိုင်ပွဲတက်ရောက်အားပေး



**မန္တလေး ဇွန် ၂၁**

Mandalay Skate Board Association က ကြီးမှူး၍ Go Skateboarding Day အထိမ်းအမှတ် စကိတ်သရုပ်ပြပွဲနှင့် ပြိုင်ပွဲကို ဇွန်၂၁ ရက် နံနက် ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ပြည်သူ့ရင်ပြင်နေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

အပြည်ပြည်ဆိုင်ရာ စကိတ်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် Mandalay Skateboard Association မှ ကိုလင်းက စကိတ်ဘုတ်ချစ်မြတ်နိုးသူများအတွက် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်နိုင်ရန် Go Skateboarding Day ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လူငယ်များ မူးယစ်ကင်းစင်ပြီး အားကစားစိတ်ဝင်စားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များမှ စကိတ်ဝါသနာရှင်လူငယ်များနှင့် နော်ဝေနိုင်ငံမှ စကိတ်ကျွမ်းကျင် ကစားသမားတစ်ဦးတို့က စကိတ်စီးသရုပ်ပြကြသည်။ ဆက်လက်၍ အပျော်တမ်းစကိတ်ပြိုင်ပွဲ ကျင်းပခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မန္တလာသီရိအားကစားကွင်းအတွင်း ဘက်စုံသုံးအားကစားခန်းမအနီး၌ မြေနေရာချထားပေးပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး ကလပ်အသင်းပေါင်းစုံမှ ပြိုင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကချင်ပြည်နယ်အစိုးရအဖွဲ့၏ဒုတိယတစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းများသတင်းစာရှင်းလင်း

**မြစ်ကြီးနား ဇွန် ၂၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇွန်၂၀ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရရုံးဝင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းထောက်များမှလည်း သတင်းအမှန်ကို သိရှိ၍ ပြည်သူသို့ မိမိတို့တတ်ကျွမ်းသည့် သတင်းစာပညာဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဘဏ္ဍာအခွန် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းလုပ်ငန်းများကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝေးလံခေါင်ဖျားဒေသဖြစ်သည့် ပူတာအိုဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး စသည့်ကဏ္ဍအသီးသီးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာများ၏မေးမြန်းမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သတင်းမီဒီယာအသီးသီးမှ သတင်းထောက် ၁၁ ဦး စုစုပေါင်း ၇၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# မြို့နယ်ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

မြို့နယ်ပညာရေးမှူးရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူး ဦးဝင်းဇော်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်ဝင်းတို့က မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် ကော်မတီဖွဲ့စည်းထားမှုအခြေအနေများ၊ စီမံကိန်းစက်ဝန်းနှင့် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော ကော်မတီဝင်များက မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် ပတ်သက်ပြီး KG မှ ကျောင်းသား ကျောင်းသူများတွင် မူလတန်းကြို တက်ရောက်သူ ရာခိုင်နှုန်းလျော့နည်းရခြင်း၊ အထက်တန်းအဆင့်ကျောင်းနေမှုရာခိုင်နှုန်းလျော့နည်းရခြင်း၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ ကွန်ပျူတာအသုံးပြု၍ စာသင်ကြားနေသည့် ကျောင်းရာခိုင်နှုန်းဆိုင်ရာများ၊ အင်တာနက်ချိတ်ဆက်အသုံးပြု၍ စာသင်ကြားနေသည့် ကျောင်းရာခိုင်နှုန်းဆိုင်ရာများနှင့် မူလတန်းကြိုတက်ရောက်သူ ရာခိုင်နှုန်းဆိုင်ရာများကို အကြံပြုဆွေးနွေးကြသည်။

ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူးရုံးအနေဖြင့် မြို့နယ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အတွက် ကော်မတီကို ၁၈ ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ စီမံကိန်းရေးဆွဲနိုင်ရေးလုပ်ငန်းများအတွက် အခြေအနေလေ့လာဆန်းစစ်ခြင်း၊ မူဝါဒချမှတ်ခြင်း၊ ရည်ရွယ်ချက်သတ်မှတ်ခြင်းနှင့် ဦးစားပေးဧရိယာ ရွေးချယ်ခြင်း၊ ကုန်ကျစရိတ်ပါသော ရသုံးမှန်းခြေ ငွေစာရင်းတွက်ချက်ခြင်း၊ ဦးစားပေးအစီအစဉ်ရေးဆွဲခြင်း၊ စီမံကိန်း(မူကြမ်း) ရေးဆွဲခြင်းနှင့် လိုအပ်ချက်များ ပြန်လည်ပြင်ဆင်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# မန္တလေး၌ မြန်မာ့ပုလင်းပန်းချီပြပွဲ လန်ဒန်မှ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပညာရှင်များ လေ့လာ

**မန္တလေး ဇွန် ၂၁**

လန်ဒန်မြို့မှ ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံပညာရှင်များ ရှားပါးမြန်မာ့ပုလင်းပန်းချီပညာကို အထူးပြုလေ့လာကာ ပညာရပ်နှီးနှောမှုများပြုလုပ်သည့် အခမ်းအနားနှင့် မြန်မာ့ပုလင်းပန်းချီပြပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ စစ်ကိုင်း-မန္တလေးလမ်း မြေပဲတန်းရပ် အမရပူရမြို့ ပုလင်းပန်းချီဦးချစ်မြ၏ ပန်းချီပြခန်း၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် လန်ဒန်မှ ပညာရှင် ၂၀ ကျော်အား မြန်မာ့ပုလင်းပန်းချီ၊ မှန်ပန်းချီ၊ အုန်းခွက်ပန်းချီ၊ ဘူးသီးပန်းချီများကို ပြသကာ ပန်းချီပညာနှီးနှောဖလှယ်မှုများ ပြုလုပ်ကြသည်။

လက်ရှိကာလတွင် ရှားပါး မြန်မာ့ပုလင်းပန်းချီကို နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်လာရောက် လေ့လာလျက်ရှိကြောင်း ပုလင်းပန်းချီပညာရှင် ဦးချစ်မြထံမှ သိရသည်။

ရှားပါးအနုပညာလက်ရာဖြစ်သော ပုလင်းပန်းချီ၊ ဘူးသီးပန်းချီ၊ မှန်ပန်းချီ၊ အုန်းခွက်ပန်းချီများကို အမရပူရမြို့မှ ပုလင်းပန်းချီ ဦးချစ်မြက တစိုက်မတ်မတ်ရေးဆွဲလျက်ရှိရာ နိုင်ငံတကာခရီးသွားဧည့်သည်များ နှစ်စဉ်လာရောက်လေ့လာကာ ဝယ်ယူမှုများပြားလျက်ရှိသည်။ ဘူးသီးပန်းချီ ဖန်တီးရေးဆွဲရန်အတွက် ဘူးသီးခြောက်အရွယ်အစားပေါ်မူတည်ကာ လိုက်ဖက်မည့် အရုပ်များကို ရွေးချယ်ရေးဆွဲရသည်။ ဘူးသီးပန်းချီ ဖန်တီးရာတွင် ဘိုမရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဆံထောက်နှမပုံကလေးများ၊ ပုဂံနှင့် ပတ်သက်သည့်ပုံများ၊ ဇီးကွက်ရုပ်နှင့် အခြားရုပ်ပုံများကို သရုပ်ဖော်ရေးဆွဲသည်။

အုန်းခွက်ပန်းချီ၊ ပုလင်းပန်းချီများ ရေးဆွဲရာတွင် တိုင်းရင်းသားပုံ၊ မြန်မာနိုင်ငံ၏အထင်ကရနေရာ၊ ရိုးရာလိုင်း ရွှေရေးပန်းချီဟုခေါ်သောနည်းဖြင့် အုန်းခွက်ပေါ်တွင် ဆေးရောင်အနီ၊ အနက်၊ ရွှေရောင်များဖြင့် လက်ရာမြောက်ပုံများကိုရေးဆွဲသည်။ **တိမ်တမန်**




# တိုင်းဒေသကြီးနှင့်ပြည်နယ် ရေကူးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲပွဲစဉ်များကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အသင်းအုပ်ချုပ်သူ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်က ရေကူးအားကစားသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သော အားကစားနည်းဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများတွင် တစ်ဦးတည်း ဆုတံဆိပ်များစွာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အနေဖြင့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် ၂၀၁၆ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော Princess Chulahorn Championship ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရရှိခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သော အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြိုင်ပွဲဝင် အမျိုးသား ၆၄ ဦး၊ အမျိုးသမီး ၄၄ ဦး၊ အားကစားသမား စုစုပေါင်း ၁၀၈ ဦးတို့သည် ဇွန် ၂၁ ရက်မှ ၂၂ ရက်အထိ ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် နေ့စဉ် နံနက် ၉ နာရီမှစ၍ မီတာ ၄၀၀ ကျား၊ မ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၂၀၀ ကျား၊ မ တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ ကျား၊ မ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ ပက်လက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀×၄ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀ ကျား၊ မ လိပ်ပြာကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူး ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# တာလေ၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ အသိပညာပေးဟောပြော

**တာလေ ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီခွဲက တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးက ကျောင်းသားလူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာများ၊ အသိပညာဗဟုသုတတိုးပွားရေးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ဒုတိယရဲမှူး သက်မောင်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို လည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (တာချီလိတ်ခရိုင်)မှ အတွင်းရေးမှူး ဦးသိန်းထွန်းက "ရှောင်လေဝေးဝေး မူးယစ်ဆေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူ ၃၆၀ ကျော်တို့က လေ့လာဖတ်ရှုကြပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရန်ကုန်-မန္တလေးလမ်းနှင့် ဆေးရုံလမ်းထောင့် မီးပွိုင့်တပ်ဆင်ထားရှိမှုနှင့် မြို့တွင်းလမ်းများအား ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာများနှင့်အတူ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ရန်ကုန်-မန္တလေး လမ်းနှင့် ဆေးရုံလမ်းထောင့်တို့၌ မီးပွိုင့်တပ်ဆင် ထားရှိမှုနှင့် မြို့တွင်းလမ်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။



ပဲခူးတိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ရန်ကုန်-မန္တလေးလမ်းနှင့် ဆေးရုံလမ်းထောင့်တို့တွင် မီးပွိုင့်များတပ်ဆင်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်း ၃၀ မှ ဆေးရုံလမ်းသို့ ဖြတ်ကူးသည့်နေရာသည် အန္တရာယ်ရှိနိုင်ကြောင်း၊ လမ်းသတ်မှတ်ချက်လမ်းကြောင်းများအား ပြင်ဆင်ရေးဆွဲရန်နှင့် လမ်း ၃၀ မှ ထွက်လာမည့် ယာဉ်များအတွက် သတိပေး အချက်ပြစနစ်တစ်ခု ထည့်သွင်းရန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်း ၃၀၊ သနပ်ပင်လမ်း၊ ၂၉ လမ်းနှင့် ၂၈ လမ်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မြင့်က လမ်း ၃၀၊ သနပ်ပင်လမ်း၊ ၂၉ လမ်းနှင့် ၂၈ လမ်းတို့အား ယခုနှစ်တွင် ကွန်ကရစ် ကတ္တရာများ ခင်းသွားမည်ဖြစ်ပြီး လက်ရှိလမ်းဘေး ရေမြောင်းများ ပြန်လည်တူးဖော်လျက်ရှိကြောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရာသီဖြစ်၍ မြို့တွင်းလမ်းများ၌ ရေတင်မှုများနှင့် ရေမြောင်းများ ရေစီးမှု ရှိ၊ မရှိ စည်ပင်သာယာရေး အဖွဲ့အား ကွင်းဆင်းကြည့်ရှုရန်၊ လမ်းပေါ်ရေတင် ခြင်းသည် လမ်းပျက်စီးမှုကို ဖြစ်စေသလို ယာဉ် အန္တရာယ်လည်း ဖြစ်နိုင်ကြောင်း၊ လိပ်ပြာကန်ဘေးရှိ ကိုယ့်မင်းကိုယ့်ချင်းလမ်းအား လမ်းခင်းခြင်းနှင့် ချဲ့ခြင်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ပဲခူးမြို့သည် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်စသည့်ဒေသများသို့ လူစီး၊ ကုန်တင် ယာဉ်များ အဓိကဖြတ်သန်းရာ လမ်းဆုံမြို့တစ်ခု ဖြစ်ခြင်း၊ မြို့ပြလူနေမှုတိုးတက်လာခြင်း၊ စက်ရုံ၊ အလုပ်ရုံ များပြားလာခြင်း၊ မြို့တွင်းသုံးယာဉ် သုံးဘီးဆိုင်ကယ်များ တိုးတက်များပြားလာခြင်း ကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကင်းရှင်းစေရန်အတွက် ယခုကဲ့သို့ မီးပွိုင့်များ တိုးချဲ့ တပ်ဆင်ခြင်းဖြစ်ပြီး လမ်းအသုံးပြုသူ ပြည်သူများ နေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း များကို အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြည်နယ်အဆင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေး တက်ရောက်

**လွိုင်ကော် ဇွန် ၂၁**

ပြည်နယ်အဆင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ စိစစ်အရေးယူရေးဆပ်ကော်မတီနှင့် ပညာပေးရေး၊ ပြန်ကြားရေး နှင့် စည်းကမ်းသတ်မှတ်ရေးဆပ်ကော်မတီများ အစည်းအဝေးကို ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းတရား ဥပဒေစိုးမိုးရေးကဏ္ဍ ခိုင်မာအားကောင်းလာစေရေးအတွက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာ စေရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ ယာဉ်မောင်းလိုင်စင် မရှိပါက လိုင်စင်များ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုမရှိပါက ဖမ်းဆီးအရေးယူ မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး များက မိမိတို့မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်အဆင့်အထိ သိရှိအောင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသည့် ကော်မတီနှင့် ဆပ်ကော်မတီတို့က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို စိစစ်တွေ့ရှိရပါက လွိုင်ကော်ခရိုင်(စုပေါင်းရုံး)၌ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှု (OSS) ရုံးတွင် လိုင်စင်လာရောက်ပြုလုပ်ကြရန်၊ လိုင်စင်လာရောက် ပြုလုပ်ခြင်း မရှိပါက ၁၀ ရက် ထိန်းသိမ်းထားရှိ၍ ဒေသပေါက်ဈေး၏ ၅၀ ရာခိုင်နှုန်း (သို့မဟုတ်) ၅၀ ရာခိုင်နှုန်းအောက် မလျော့သော ဒဏ်ငွေကို သတ်မှတ် ကောက်ခံမည်။ ၂၀၁၈ ခုနှစ် ဩဂုတ် ၃၁ ရက်ကျော်လွန်ပြီး ဒဏ်ကြေးငွေ ပေးသွင်းခြင်းမရှိပါက ပို့ကုန်၊ သွင်းကုန် ဥပဒေအရ အမှုဖွင့် တရားစွဲဆို၍ သက်သေခံပစ္စည်းဖြစ်သော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းဆည်းသွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**အောင်ထွန်းလေး**

# ရန်ကုန်လေဆိပ်မှ ဘူတာကြီးသို့ ပုံသေယာဉ်စီးခနှုန်းထားဖြင့် ပြေးဆွဲမည်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်ဘူတာကြီး သို့ ချိတ်ဆက်ပြေးဆွဲမည့် YBS ခရီးစဉ်ကို ပုံသေ ယာဉ်စီးခနှုန်းထားဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း ဘက်စုံ မြင်ကွင်း ကုမ္ပဏီမှသိရသည်။

ဘက်စုံမြင်ကွင်း ကုမ္ပဏီ (Omni Focus General Services Public Co.,Ltd, က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရန်ကုန်ဘူတာကြီးသို့ ပြေးဆွဲမည့် Airport Shuttle ယာဉ်လိုင်းခရီးစဉ်ကို ဇွန် ၂၂ ရက် (သောကြာနေ့) တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး ယာဉ်စီးခနှုန်းထားကို ပုံသေ ကျပ် ၅၀၀ ဖြင့် ပြေးဆွဲသွားမည်ဟု သိရသည်။ ပုံသေ ယာဉ်စီးခ ကျပ် ၅၀၀ သတ်မှတ်ထားသော်လည်း စတင် ပြေးဆွဲသည့်နေ့တွင် ယာဉ်စီးခ အခမဲ့ပြေးဆွဲပေးသွားမည် ဟု သိရသည်။

"ဘက်စုံမြင်ကွင်း ကုမ္ပဏီက လေဆိပ်နဲ့ ဘူတာကြီးကို စတင်ပြေးဆွဲပေးမှာပါ၊ YBPC ကုမ္ပဏီအနေနဲ့ လှော်ကားကနေ သာကေတကို YBS ၉၆ ယာဉ်လိုင်းကို အသစ်ပြေးဆွဲခဲ့ပါတယ်၊ လူထုမိတ်ဆွေ ကုမ္ပဏီကလည်း ယာဉ်လိုင်းသစ် ပြေးဆွဲဖို့ရှိနေပါတယ်" ဟု ရန်ကုန်တိုင်း ဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန် ဘူတာကြီးသို့ ချိတ်ဆက်ပြေးဆွဲမည့် ခရီးစဉ်တွင် ရန်ကုန် လေဆိပ်မှ ၈ မိုင်၊ နဝဒေးရုပ်ရှင်ရုံ၊ ကမ္ဘာအေး၊ ဆီဒိုးနား ဟိုတယ်၊ မြန်မာပလာဇာ၊ ရွှေဂုံတိုင်၊ တိရစ္ဆာန်ဥယျာဉ်၊ သမ္မတရုပ်ရှင်ရုံ၊ ဆူးလေ၊ ရန်ကုန်ဘူတာကြီးသို့ လွန်းပြန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

**၀၀၁**



# မိုးသည်းထန်စွာ ရွာသွန်းသော်လည်း မော်လမြိုင်ခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ကန်များစိုးရိမ်ရန်မရှိ

**မော်လမြိုင် ဇွန် ၂၁**

မွန်ပြည်နယ်တွင် ယခုရက်များအတွင်း မုန်တိုင်းအရှိန် ကြောင့် မိုးရွာသွန်းမှုများပြားခဲ့ရာ မော်လမြိုင်ခရိုင်အတွင်းရှိ ရေလှောင်တမံများ၊ ကန်များသို့ ရေဝင်ရောက်မှုရှိခဲ့သော် လည်း ရေလှောင်တမံနှင့် ကန်များအားလုံး ကြံ့ခိုင်မှု ကောင်းမွန်ခြင်းကြောင့် စိုးရိမ်စရာမရှိကြောင်း မော်လမြိုင် ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်းထံမှ သိရသည်။

မော်လမြိုင်ခရိုင်အတွင်းရှိ ရေလှောင်တမံ သုံးခုဖြစ် သည့် ရွှေနတ်တောင်ရေလှောင်တမံ၊ အဇင်းရေလှောင်တမံ၊ ဝင်းဖနုံရေလှောင်တမံတို့တွင် မုန်တိုင်းအရှိန်ကြောင့် ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြားသော်လည်း ရေပြည့်မှတ်သို့ မရောက်ရှိသေးကြောင်းနှင့် ဇွန် ၁၈ ရက် ရေမှတ်အရ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ရေလှောင်တမံ တွင် ရေပြည့်မှတ်ရောက်ရန် ၁၇ ဒသမ ၇၀ ပေ မုဒုံမြို့ရှိ အဇင်းရေလှောင်တမံတွင် ရေပြည့်မှတ် ရောက်ရန် ၂၁ ဒသမ ၂၀ ပေ၊ ဝင်းဖနုံရေလှောင်တမံတွင် ရေပြည့်မှတ် ရောက်ရန် ၉ ဒသမ ၂၀ ပေ လိုသေးကြောင်း သိရသည်။

တမံများ၏ ရေပိုလွှဲမှ ရေကျော်စီးထွက်မှု မရှိသေး ကြောင်းနှင့် ရေလှောင်တမံများမှ ရေကိုသိုလှောင်ထား ပေးခြင်းဖြင့် ရေကြီးမှုကို လျော့နည်းသက်သာစေကြောင်း သိရသည်။

ဦးစီးအရာရှိ ဦးစောရှားထွန်းကျော်က ကန်ရေပြည့်မှတ် ထက် ကျော်လွန်လျှင်လည်း ရေပိုလွှဲမှရေကျော် စီးထွက်ပါ က မူလချောင်းရိုးအတွင်းသို့ စီးဝင်သွားခြင်းသာဖြစ် ကြောင်း၊ ရေပိုလွှဲ၏အဓိပ္ပာယ်မှာ ရေပြည့်သိုလှောင်ပမာဏ ထက် ကျော်လွန်ပြီး စီးဝင်လာသည့်ရေများကို မူလချောင်းထဲ သို့ စီးဝင်သွားစေဖို့ စနစ်တကျ ဒီဇိုင်းတွက်ချက်တည် ဆောက်ထားသော ရေအားအဆောက်အအုံ တစ်ခုဖြစ် ကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့်လည်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ကြိုတင်သတိပေးထုတ်ပြန်ချက်ကို အများ ပြည်သူများ သိရှိနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ် ရေး အဖွဲ့အစည်းများမှတစ်ဆင့် ထပ်ဆင့်ဖြန့်ဝေ အသိ ပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ရေလှောင်တမံများတွင် ရေပြည့်မှတ်ကျော်လွန်မည့် အခြေအနေ ရောက်ရှိလာလျှင်လည်း အနိမ့်ပိုင်း ချောင်းရိုး တစ်လျှောက်တွင် နေထိုင်ကြသော ပြည်သူများထံသို့ ဌာန က အချိန်နှင့် တစ်ပြေးညီ အသိပေးသွားမည်ဖြစ်ကြောင်း ဦးစီးအရာရှိ ဦးအောင်စိုးထက်၏ ပြောပြချက်အရ သိရ သည်။

**မင်းခန့်(မွန်)**

# မင်္ဂလာတောင်ညွန့် အထက ၇ တွင် မူးယစ်ဆေးဝါးအကြောင်း အသိပညာပေးဟောပြော

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက ၇ အခြေခံပညာအထက်တန်းကျောင်း၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်း အမှတ်ဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ ကျောင်း၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မင်္ဂလာတောင် ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်းနိုင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သော အကြောင်းအရာ များကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့ သည်။

အဆိုပါ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီး နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

# ညောင်ဦးမြို့တွင် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ရုံးမှ ညောင်ဦးမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအနေဖြင့် အိမ်ထောင်စုလူဦးရေစာရင်းများ စစ်ဆေးခြင်း၊ မွေးစာရင်း များတိုးပေးခြင်း၊ သေဆုံးသူစာရင်းများ ပယ်ဖျက်ခြင်း၊ အိမ်ထောင်စုမိတ္တူပြုလုပ်ခြင်း၊ အိမ်ထောင်စုစာရင်းခွဲခြင်း စသည့်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အိမ်ထောင်စု လူဦးရေစစ်ဆေးခြင်း(ဆွဲ၊ တင်၊ စစ်)စီမံချက်ဖြင့် ညောင်ဦး မြို့နယ် လဝကဦးစီးမှူး ဦးသိန်းဟန်နှင့် ဝန်ထမ်းများအဖွဲ့က ညောင်ဦးမြို့ အမှတ် ၇ ရပ်ကွက်သို့ ကွင်းဆင်းပြီး ရပ်ကွက်နေ ပြည်သူများအား ပြည်သူ့အကျိုးပြု ပြုလုပ်ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာသို့ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မြေ(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာရုံးမှ ခရိုင်လဝကဦးစီးမှူး (ဒုတိယညွှန်ကြား ရေးမှူး) ဦးဇော်ဝင်းမြင့်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်လဝကဦးစီးမှူး ဦးသိန်းဟန်က ရှင်းလင်းတင်ပြ ခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**


# ထန်းတပင်မြို့နယ် ကျွန်းငူကုက္ကိုဝမြစ်ကမ်း အချိန်မရွေးကမ်းပြိုနိုင်

**ရန်ကုန် ဇွန် ၂၁**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျွန်းငူကုက္ကိုဝမြစ်ကမ်းနားသည် ယခုအခါ မြစ်ရေတိုက်စားသဖြင့် အချိန်မရွေး ကမ်းပြိုကျနိုင်သည့် အနေအထားဖြစ်ပေါ်နေသောကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒေါ်ခင်ခင်ဌေး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ခိုင်ထွန်းတို့ပါဝင်သောအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မြစ်ကမ်းပါး ပြိုကျနိုင်မှုအခြေအနေကို သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါမြစ်ကမ်းပါးသည် ယခင်နှစ်များကလည်း မြစ်ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး မြစ်ကမ်းစပ်တွင် ကျောက်များချ၍ ကမ်းထိန်းနံရံတည်ဆောက်ခဲ့ပြီး ဖြစ်သော်လည်း ယခုနှစ်အတွင်း မြစ်ရေတိုက်စားသဖြင့် တဖြည်းဖြည်း ပြိုကျလာကာ အချိန်အခါမရွေးကမ်းပြိုကျနိုင်သည့် အနေအထား ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ကြောင့် မြစ်ကမ်းနဖူးတွင် ဝါးတန်းများကာရံ၍ သတိပေးစာတန်းများ ကပ်ထားခြင်း၊ စက်လှေဆိပ်ကိုလည်း ဘေးလွတ်ရာတွင် ခရီးသည်များ အတက်အဆင်းပြုလုပ်စေခြင်း၊ ကမ်းပြိုတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် ကွန်ကရစ်ဘိုးပိုင်များ ဆောက်လုပ်နေမှု လုပ်ငန်းများကြည့်ရှုစစ်ဆေးပြီး လူနေအိမ်နှင့် ဈေးဆိုင်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ဖယ်ရှားစေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခင်မင်းထိုက်(ပြန်/ဆက်)**





# ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ပဲခူးအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေးသည် ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်း၊ ပဲခူးခရိုင်တရားသူကြီး ဦးတက်ထွန်း၊ ပဲခူးမြို့နယ် တရားသူကြီး ဦးစိုးမင်းတို့နှင့်အတူ ဇွန်လတတိယပတ်က ပဲခူးအကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့သည်။

ပဲခူးအကျဉ်းထောင် တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်ဦးက ပဲခူးအကျဉ်းထောင်နှင့်ပတ်သက်၍ လုံခြုံရေးနှင့် စီမံရေးရာကိစ္စများ ဆောင်ရွက်ထားရှိမှု၊ သောက်သုံးရေရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် ပြစ်ဒဏ်ကျခံနေရသူများ၏ အဆောင်များ၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု၍ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ၊ မရှိ၊ ဥပဒေပါ အခွင့်အရေးများရရှိမှု အခြေအနေ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ ရေပေးဝေမှု၊ သောက်သုံးရေရရှိမှုအခြေအနေ၊ စာပေဗဟုသုတ လေ့လာရန် စာကြည့်တိုက်များ ရှိ၊ မရှိ၊ ကြန့်ကြာနေသော အချုပ်တရားခံများ ရှိ၊ မရှိ၊ နှိပ်စက်ညှဉ်းပန်းမှု ရှိ၊ မရှိ၊ ဥပဒေနှင့်အညီ ရသင့်သော အခွင့်အရေးများ ခံစားနိုင်ရေးတို့ကို တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**၁၄၂**

# သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေး ဟောပြော

**ရန်ကုန်။** ။ ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ)ရဲမှူး ခင်ဇော်နှင့်အဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာ အထကရှေ့၌ မှုခင်းဆိုင်ရာအသိပညာပေး ဆွေးနွေးဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရ သည်။ **ဇေရဇ**

**ရန်ကုန်။** ။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၈ ရက် ညနေ ၆ နာရီတွင် ဒဂုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်နီချစ်က သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**ရန်ကုန်။** ။ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ခေတ္တမြို့မရဲစခန်းမှူး ရဲအုပ်အောင်ကိုဝင်းနှင့်အဖွဲ့သည် ၃၃ ရပ်ကွက် ငါးမာရ်အောင် ဘုရားကြီးဝင်းအတွင်း၌ ဇွန် ၁၇ ရက် ညနေက သက်ငယ်မုဒိမ်းမှု ပပျောက်စေရေးနှင့် မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# စက်ရေတွင်း(တွင်းနက်) တူးဖော်မှု ကြပ်မတ်ဆောင်ရွက်ပေး

**သဲကုန်း ဇွန် ၂၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ရေရရှိရေး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်ယူနီဆက်တို့ပူးပေါင်း၍ သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု သစ်စိမ့်ကုန်းကျေးရွာတွင် စက်ရေတွင်း(တွင်းနက်) တူးဖော်လျက်ရှိသည်။ အဆိုပါစက်ရေတွင်းမှာ ပေ ၅၅၀ ရှိပြီး ဇွန် ၂၀ ရက် မွန်းလွဲပိုင်းက ပိုက်ချဆောင်ရွက်မှုကို မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုမောင်နှင့်အဖွဲ့ကကြပ်မတ်ပေးပြီး ကျေးရွာပြည်သူများ ရေအမြန်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားကြောင်းသိရသည်။

**မြတ်သူရိန်**





# BTS နဲ့ တွဲဖက်ကာ တေးသီချင်း ဖန်တီးသွားမည်ဖြစ်ကြောင်း ဆွမ်မန်းဒပ်စ်အတည်ပြု

ကမ္ဘာကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဆွမ်မန်းဒပ်စ်က လက်ရှိကမ္ဘာ့အအောင်မြင်ဆုံးသော အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ “BTS”နဲ့ တွဲဖက်ဖန်တီးသွားမယ့် တေးသီချင်းတစ်ပုဒ်ကို အောင်မြင်အောင်လုပ်ဆောင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ကတိပြုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အနောက်နဲ့ အရှေ့ရဲ့ နာမည်ကျော်တေးသံရှင်တွေ တွဲဖက်ဖန်တီးမှုဟာ ပရိသတ်ရှေ့ရောက်လာမှာဖြစ်ကြောင်း အတည်ပြုလိုက်တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အသံလွှင့်အစီအစဉ်တစ်ခုဖြစ်တဲ့ “The Roz And Mocha Show” မှာ ဆွမ်မန်းဒပ်စ်က “BTS”နဲ့ တွဲဖက်ဖန်တီးသွားမယ့် တေးသီချင်းအကြောင်း ပြောကြားခဲ့တာပါ။ ဒီအစီအစဉ်မှာတော့ ဆွမ်မန်းဒပ်စ်က သူ့ဘက်က တေးသီချင်းရေးသားမှုတွေ မစတင်ရသေးပေမယ့် တွဲဖက်ဖန်တီးသွားမှာဖြစ်ကြောင်းကိုတော့ ကတိပြုပါတယ်လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ဆွမ်မန်းဒပ်စ်က “သူတို့ (BTS) ဟာ အတူတွဲဖက်လုပ်ကိုင်ဖို့ ခက်ခဲပါတယ်၊ သူတို့ဟာ အလွန်အလုပ်များကြပါတယ်၊ ကျွန်တော့်မှာလည်း သူတို့နဲ့တွဲဖက်သီဆိုမယ့် တေးသီချင်းအတွက် အခုထိ တေးစာသားတွေ မရှိသေးပါဘူး၊ ဒါပေမယ့် ပူးပေါင်းဖန်တီးမှုကတော့ ဖြစ်လာမှာပါ၊ ကျွန်တော်ကတိပေးပါတယ်”လို့ ဆိုခဲ့ပါတယ်။

ဒီလို တွဲဖက်ဖန်တီးထားတဲ့ တေးသီချင်း ပရိသတ်ရှေ့ ရောက်လာမယ့်အချိန်ကို မေးမြန်းခဲ့ရာမှာတော့ ဆွမ်မန်းဒပ်စ်က တေးသီချင်းစာသားတွေ မရေးရသေးတဲ့အပြင် ညှိနှိုင်းမှုတွေလည်း မလုပ်ရသေးတာကြောင့် ထွက်ရှိမယ့်ရက် မသတ်မှတ်နိုင်သေးကြောင်း၊ “BTS”အဖွဲ့ကိုရော သူတို့ရဲ့ ပရိသတ်တွေကိုပါ အလွန်နှစ်သက်တာကြောင့် တေးသီချင်း ပူးပေါင်းဖန်တီးမှုကို ဖြစ်အောင်လုပ်မှာဖြစ်ကြောင်းလည်း ထပ်မံကတိပေးခဲ့တယ်လို့လည်း သိရပါတယ်။

# ဟာသသရုပ်ဆောင်ကမ်တေးဟို မီးလောင်မှုတစ်ခုအတွင်း သေဆုံး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ဟာသသရုပ်ဆောင်တစ်ဦးဖြစ်ပြီး အစီအစဉ်တင်ဆက်သူတစ်ဦးအဖြစ်လည်း လုပ်ဆောင်နေတဲ့ ကမ်တေးဟိုဟာ လတ်တလောမှာတော့ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ ကမ်ဟာ ဇွန် ၁၇ ရက်က ဂန်ဆန်းမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုတစ်ခုအတွင်း သေဆုံးသွားခဲ့သူ သုံးဦးအနက် တစ်ဦးဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ချက်တွေကို ကိုးကားကာ ကိုရီးယားဘိုးဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

အခင်းဖြစ်ပွားရာ ဇွန် ၁၇ ရက်မှာ ကမ်တေးဟိုဟာ သူငယ်ချင်းတွေနဲ့အတူ ကလပ်တစ်ခုအတွင်း စားသောက်နေကြတာဖြစ်ပါတယ်။ အဲဒီအချိန်မှာ အသက် ၅၀ ဝန်းကျင်လူကြီးတစ်ယောက်နဲ့ ဆိုင်ပိုင်ရှင်တို့ဟာ ငွေရှင်းတာနဲ့ပတ်သက်ပြီး စကားများခဲ့ကြရာ ဆိုင်ကို မီးရှို့ပစ်မှာဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့ပါတယ်။ အဲဒီနောက် ဓာတ်ဆီတွေကို လောင်းခဲ့ပြီး မီးရှို့ခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့တာပါ။ ဒီမီးလောင်မှုကြောင့် လူ ၃၀ ခန့် ဒဏ်ရာရခဲ့ပြီး သုံးဦးသေဆုံးခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ သရုပ်ဆောင် ကမ်တေးဟိုလည်း ပါဝင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။



ကိုရီးယားဟာသသရုပ်ဆောင်များအသင်းက “ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ကမ်တေးဟိုဟာ ဂန်ဆန်းကို ဂေါက်ရိုက်ပြိုင်ပွဲတစ်ခုမှာ ပါဝင်ယှဉ်ပြိုင်ဖို့ရာ ရောက်ရှိနေတာဖြစ်ပြီး သူဟာ သူငယ်ချင်းတွေနဲ့ ကလပ်ကို သွားခဲ့စဉ်မှာ မတော်တဆမှု ဖြစ်ခဲ့တာပါ၊ ကမ်တေးဟိုရဲ့ မွေးချင်းတစ်ဦးက ကမ်ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း ဒီနေ့မနက်ကပဲ အတည်ပြုပေးခဲ့တာပါ၊ သူ့ကို ဂန်ဆန်းကနေ ပြန်လည်သယ်ဆောင်လာခဲ့ပြီဖြစ်ပါတယ်” လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ကမ်တေးဟိုဟာ ၁၉၉၁ ခုနှစ်အတွင်း အနုပညာနယ်ပယ်ထဲကို စတင်ခြေချခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်သူဟာ“*All Comedy In The World*”၊ “*Good Morning Korea*” စတဲ့ အစီအစဉ်တွေမှာ ပါဝင်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းမှာတော့ တစ်သက်တာအောင်မြင်မှုဆုကို “Korean Culture Entertainment Awards ”ဆုပေးပွဲကြီးမှာ လက်ခံရရှိခဲ့ကာ ၂၀၁၄ ခုနှစ်အတွင်းမှာတော့ အကောင်းဆုံးအစီအစဉ်တင်ဆက်သူဆုကို အဆိုပါဆုပေးပွဲကြီးမှာပင် ထပ်လောင်းရရှိထားခဲ့သူလည်း ဖြစ်ပါတယ်။

**အေးပြည့် ရေးသားသည်**

NELC "Don't Worry, Just Speak!"
Communicative English Classes


OVER 16 YEARS OLD
- Intro
- Level-1,2,3
- Listening/Speaking-1&2
- Grammar
- IELTS Foundation

မြောက်ဒဂုံ - 01 526311, 523680 ဗိုလ်အောင်ကျော် - 01 256516 ~7 မန္တလေး - 09 91023900
ပြင်ဦးလွင် - 09 400306019 နေပြည်တော် - 09 782009390 လားရှိုး - 082 26611 တာချီလိတ် - 084 52572

## စိန့်ပေါလ်ကျောင်းသားဟောင်းများ ညစာစားပွဲ

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ မိတ်ဆုံညစာစားပွဲကို ၂၉-၆-၂၀၁၈ (သောကြာနေ့) ညနေ (၆း၃၀) နာရီမှစ၍ Sky Star Hotel (Ruby Room) အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် ညစာစားပွဲလက်မှတ်ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ ဥက္ကဋ္ဌ ဦးနေအုပ်- ၀၉ ၅၀၀၅၀၂၅၊ ဒု-ဥက္ကဋ္ဌ ဦးသန်းအောင်- ၀၉ ၇၃၁၃၅၃၉၇၂၊ အတွင်းရေးမှူး ဦးခင်မောင်ဦး- ၀၉ ၄၂၆၃၀၀၅၆၈၊ ဘဏ္ဍာရေးမှူး ဦးချစ်လှိုင်- ၀၉ ၉၇၆၆၇၅၃၄၆၊ တွဲဖက်အတွင်းရေးမှူး ဦးမင်းထွန်း-၀၉ ၅၁၃၈၀၉၅၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်ထွန်း (ကိုလတ်)- ၀၉ ၅၁၀၁၇၅၁၊ စာရင်းစစ်မှူး ဦးစံရွှေ (ဗိလုံကို)- ၀၉ ၅၀၈၀၁၈၆။

စိန့်ပေါလ်ကျောင်းသားဟောင်းများအသင်း

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်
ဂုဏ်ထူးဦးအောင်ခိုင်
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
မြို့လယ် ၂၅၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန္ဒတော်၊ သံသုမာလမ်း 09 798 44 33 20

နိုင်ယူဇနနာရီဆိုင်မှ
လူကြီးမင်းတို့၏အဖိုးတန် ROLEX , OMEGA နှင့်အခြား SWISS MADE နာရီများကိုအထူးဈေးကောင်းပေးဝယ်ယူလိုကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဆိုင်အမှတ် (၁) ➤ ၂၉၉၊ အနော်ရထာလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်။
ဆိုင်အမှတ် (၂) ➤ ၂၃၁၊ အနော်ရထာလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်။
ဖုန်း ➤ ၀၉-၉၆၅၁၅၅၈၅၄၊ ၀၉-၅၁၅၅၈၅၄

ဝန်ထမ်းအလိုရှိသည်
(အလုပ်သမားမှတ်ပုံတင်ပါရှိရမည်)
Food & Beverage
ကျွမ်းကျင် ကျား/မ (၂)ဦး၊
အဆိုရှင်အမျိုးသမီးဝန်ထမ်းများနှင့်
Beauty Salon ဝန်ထမ်းများ
အမြန်အလိုရှိသည်။
09 952225350

23 မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဝက်နံ၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

အောင်ဇေယျ ညှော်ရိပ်မွန်
အောင်ရတနာဆေးရုံ တပ်မတော်မှတ်တမ်းရုံ၊ Super One, ILBC, မိုးကောင်းဘုရား၊ ကျိုက္ကဆံဘုရားတို့အနီးဝန်းဆောင်မှုနှင့် သန့်ရှင်းမှုကောင်း၊ လုံခြုံစိတ်ချရသော Car Parking ရှိ၊ ဆက်သွယ်သွားလာရေးလွယ်ကူကောင်းမွန်သည်။ အသစ်စက်စက် ညှော်ရိပ်မွန်၊
No.81, အောင်ဇေယျလမ်း၊ ရန်ကင်း၊ မီးရထားသံလမ်းဘေး။
Ph 09-9689 133 03
09-9689 133 63
အခန်းခအထူးဈေးနှုန်း
ခေတ္တတည်းခို-12000/14000
W/D -28000/29000 (နံနက်စာပါ)
Wifi Free
Facebook (အောင်ဇေယျ ညှော်ရိပ်မွန်)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ဒေါက်တာဇော်ဝင်းသိန်း (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင်-CPA)
DBA (UK), MBA (USA), CMgr FCMI, Ch MCSI, FCMA, CGMA, FABE, FCCA, CPA (Australia), CPA (Myanmar)
ACCA (UK)
Finance Professional ဖြစ်ချင်သူများ
တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများ
LCCI (UK)
(စာရင်းကိုင် Level 1, 2, 3 သင်တန်းများ)
ZAW BUSINESS SCHOOL
June/July တန်းခွဲသစ်များ
: 0979-5556677, :0950-74974
၅၆၊ ရေကျော်လမ်း(ရွှေဘုန်းပွင့်စေတီတော်အနီး)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တာဝတိံသာ
အသင့်ဖြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09-32152526
09-421024222
09-31483218
09-49344288

တို တို တာ
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း- ၀၉၅၃၂၂၂၅၈
၀၉၉၆၁၂၃၄၄၃၄

ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်
မူလပထမ တိမ္မိ (1) ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ဒဂုံယာဉ်မောင်းသင်ကွင်း။
☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေဒေါ်အိမ်ရာရှေ့၊သဃ်န်းကျွန်း။ ☎:01-573986, 01-573988

psb ACADEMY
စင်ကာပူ PSB Academy တွင် ထက်ရောက်နိုင်မည့် ဘွဲ့ဒီဂရီများနှင့် University of Newcastle ၏ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ
"ပညာရေးဟောပြောပွဲ"
- School of Life & Physical Sciences
- School of Business & Management
- School of Engineering & IT
- School of Postgraduate Studies

PSB ACADEMY & UON ENGINEERING TALK
Saturday 23 JUNE
Time 2 pm - 4 pm .
Place Pinya Room, Level 3, Sule Shangri-La Hotel.
/eduGlobalVillage

Engineering Special Speaker
Dr. Hassan Ali (University of Newcastle, Lecturer)
- အင်ဂျင်နီယာတစ်ဦး၏ အနာဂတ်စီမံခန့်ခွဲမှု၊ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် တက်ရောက်သင့်သည့် အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း
- အင်ဂျင်နီယာလုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်ရန် University of Newcastle မှ ပေးအပ်မည့် အင်ဂျင်နီယာ ဘာသာရပ်များအကြောင်း

AT&S Internatilani Education Services
ရုံးချုပ်(ရန်ကုန်) - အဆောင်(၅)၊ အခန်း(၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ။ 01- 65 23 20 09-799 595 949

THREE STAR
Air-Con , ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ပဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း (ခ) ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့် (ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက် (၇၄) နှစ်

သူငယ်ချင်း ဦးသိန်းဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန) - ဒေါ်ညိုညိုညိမ်းဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး ဗိုလ်ချုပ် ဖေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှသူငယ်ချင်းများနှင့်မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက်(၇၄)နှစ်

**DSA 8th Intake**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်နီနီ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့်ဇနီးဒေါ်ခင်မြတ်မြတ်ထွန်း**

---

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်တင်တင်ဦး (၇၈)နှစ်

ဗဟိုဝန်ထမ်းတက္ကသိုလ်အောက်မြန်မာပြည်တွင် ဖွင့်လှစ်သည့် အဆင့်မြင့်အရာထမ်း(စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်-၁၁)သို့ တက်ရောက်နေသော မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးလွင်၏မိခင် ဒေါ်တင်တင်ဦး အသက်(၇၈)နှစ်သည် ၂၁-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

**အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု**
**သင်တန်းအမှတ်စဉ်(၁၁)သင်တန်းသား သင်တန်းသူများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးမျိုးဝင်း(ငြိမ်း) လေ-၁၉၀၉

**လေယာဉ်မှူးကြီး(Myanmar National Airlines)**

### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် ပါရမီလမ်းMNA Condo(1) အခန်း(၂၀၄)နေ ဒေါ်ငွေငွေ၏ ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးမျိုးဝင်းလေယာဉ်မှူးကြီး(Myanmar National Airlines)သည် ၂၀-၆-၂၀၁၈ရက် နံနက် ၀၀း၁၈ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့်ဇနီးများ**

---

## ကျေးဇူးအထူးတင်ရှိခြင်း

### ဦးမျိုးမြင့်ဆွေ (ရုပ်ရှင်ဒါရိုက်တာ)

### အသက် (၅၃) နှစ်

၁၅-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားရှာသော ရုပ်ရှင်ဒါရိုက်တာ ဦးမျိုးမြင့်ဆွေ အသက် (၅၃) နှစ်၏ ဈာပနအခမ်းအနားတစ်လျှောက်လုံး မေတ္တာတရားကြီးမားစွာဖြင့် ကူညီပေးခဲ့ကြသော ရုပ်နီးရုပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

ရဟန်း၊ ကျောင်းဒါယကာကြီး

### ဦးကျော်ကျော်ရွှေ (၆၄)နှစ်

**B.A (ဒဿနိက)**

[O.B.E-K.S.M သရေစည်သူ တိုင်းမင်းကြီး(ငြိမ်း) ဦးကျော်-ဒေါ်စံဒါဖြူတို့၏မြေး၊ [ဦးစောရွှေ-ဒေါ်မြမေ (Nelliekyaw)]တို့၏သား၊ (ဦးထွန်းတင်)-ဒေါ်မြမြရွှေ၊ (ဦးကျော်သိန်း-ဒေါ်ခင်ခင်ရွှေ)၊ ဦးတင်အောင်-ဒေါ်မေစောရွှေ၊ (ဦးကျော်သိန်းရွှေ-ဒေါ်သူဇာရွှေ)၊ ဒေါ်အေးအေးရွှေတို့၏မောင်၊ စမ်းချောင်းကိုကိုအောင်၊ ဒေါ်သင်းသင်းအောင်တို့၏အစ်ကို သည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅ နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လှိုင်မြို့နယ်၊ ၂-ရပ်ကွက်၊ ၈-လမ်း၊ တိုက်-၄၉၊ သုံးလွှာ(B)နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ကိုအောင်အောင် (၃၄)နှစ်

**မြန်မာ့မီးရထား၊ တိုင်း(၇)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ ဦးဖိုးကျားလမ်းသွယ်(၅)၊ အမှတ်(၁၀၅)နေ ဦးသူရဟန်(မန်နေဂျာ၊ Bago Toll Gate, Max High Way Co.,Ltd)-ဒေါ်တင်တင်ထွေးတို့၏သား၊ ဦးတင်အောင်-ဒေါ်ဝင်းကြည် တို့၏ သားသမက်၊ ဦးရဲမြင့်-ဒေါ်ခင်ချိုဦး၊ ဒေါ်သဇင်ဆွေ၊ ဒေါ်ခိုင်ဇွန်၊ ဒေါ်မြင့်မြင့်ချို၊ ဦးထွေးကိုကိုတို့၏တူ၊ မအိကေခိုင်ဆက်၊ မောင်ဇင်ကို၊ မမြတ်သန္တာထက်တို့၏မောင်၊ မသွယ်သွယ်အောင်၏ခင်ပွန်း၊ မောင်မင်းပြည့်စုံပိုင်၏ဖခင် ကိုအောင်အောင်သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

### ဒေါ်ညွန့်ရှင် (စစ်ကိုင်း) (၉၁)နှစ်

စစ်ကိုင်းမြို့နေ (ဦးဘိုးမော်-ဒေါ်မယ်ရွှေ)တို့၏သမီး၊ (ဦးဘခင်-ဒေါ်ရီ)တို့၏သမီးချွေးမ၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁)၊ အခန်း(၁)နေ (ဦးစိုးအောင်)၏ဇနီး၊ ဦးကျော်စိုးညွန့်-ဒေါ်နီနီလွင်၊ ဗိုလ်ကြီးသောင်းစိုး (ငြိမ်း)၊ ဦးခင်မောင်ငွေး-ဒေါ်တင်တင်စိုး၊ ဒေါ်စိုးစိုးငွေး၊ ဒေါ်စိုးစိုးနွယ်(ဗဟိုဘဏ်)၊ ဒေါ်ခင်မေစိုး(သူနာပြုဆရာမကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၁-၆-၂၀၁၈ ရက် နံနက် ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးဖုန်းလွင် (၈၇) နှစ်

**ဦးစီးအရာရှိ၊ ပုံဆွဲ-ငြိမ်း၊ ဆည်မြောင်း**

မန္တလေးမြို့၊ စက်မှု(၂)နေ ဦးနေဝင်း-ဒေါ်မေဇင်ညွန့်(ဆည်မြောင်း-ငြိမ်း)၊ ရွှေဘိုမြို့နေ ဦးသောင်းတင်လတ်-ဒေါ်ခင်မြင့်ချို၊ စစ်ကိုင်းမြို့၊ ပါရမီရပ်နေ ဦးအောင်ကျော်ဦး(ဆည်မြောင်း-ငြိမ်း)-ဒေါ်ခင်ဖုန်းမို(စစ်ကိုင်းတိုင်း၊ စာရင်းရုံး-ငြိမ်း)၊ မန္တလေးမြို့၊ ရဲမွန်တောင်နေ ဦးမောင်မောင်-ဒေါ်မေအောင်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး၊ (ဒေါ်တင်တင်ညွန့်)၏ခင်ပွန်းသည် ၁၈-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် စစ်ကိုင်းမြို့မသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးထွန်းမြင့်

### အသက်(၈၄)နှစ်

**(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း)**

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

သံတွဲမြို့နေ (ဦးစိုးညွန့်-ဒေါ်စောမြ)တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျှင်(၂)လမ်း၊ တိုက်(၁၇၃)၊ အခန်း(၈)နေ ဒေါ်ခင်မြင့် ၏ ခင်ပွန်းသည် ၂၀-၆-၂၀၁၈ ရက် နံနက် ၀၀း၄၀ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့တွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

### ဒေါ်တင်တင်ဦး (၇၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးလှဖေ-(ဒေါ်ခင်မြင့်)တို့၏ သမီးကြီး၊ ဗိုလ်မှူးဝင်းနိုင်(ငြိမ်း)-ဒေါ်ခင်သူဇာတို့၏ အစ်မ၊ ဦးသာလင်း-ဒေါ်မြင့်မြင့်စိုး၊ ဦးစိုးလွင်-ဒေါ်ဝင့်နန္ဒာကျော်ကျော်၊ ဦးညီညီလွင်-ဒေါ်ခင်ခင်ခိုင်၊ ဦးရဲမာန်ဝင်း-ဒေါ်တင်တင်လှိုင်၊ ဦးမျိုးလွင်-ဒေါ်ယဉ်ကျေးတို့၏ မိခင်၊ မအေးမြတ်သူဇာ၊ မယမင်းသူဇာတို့၏ အဒေါ်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်းအမကြီး

### ဒေါ်ခင်ဝင်း (၆၈)နှစ်

**(ရန်ကုန်တိုင်း သ/မ အသင်းစု-ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦးမြင့်-ဒေါ်တင်မြ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်စိန်မှန်ရပ်ကွက်နေ (ဦးစိုးလှ-ဒေါ်တင်ကြည်)တို့၏ သမီး၊ (ဦးသန်းမြင့်)-ဒေါ်လွင်လွင်မော်၊ ဦးကြည်ဝင်း-ဒေါ်သန်းလှ၊ ဦးမြတ်မိုး-ဒေါ်နုနုထွေး တို့၏ အစ်မ၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၁၀)နေ ဦးမောင်မောင်ဦး(သန်လျင်မောင်မောင်ဦး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအလုပ်အမှုဆောင်)၊ (Director, Myanmar Essential World Co.,Ltd.)၏ ဇနီး၊ မောင်ထူးအောင်ခန့်-မဖြိုးဆုခင်(ခ)မေဇင်(ခေတ္တဘန်ကောက်)တို့၏ မွေးသမိခင် ဒေါ်ခင်ဝင်းသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

### စောရှီးရှူသိန်း (၇၅) နှစ်

**တိုင်းပညာရေးမှူး (ငြိမ်း)၊ ပဲခူးတိုင်းဒေသကြီး**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ နေရောင်ကာကျေးရွာနေ (ဦးအောင်သိန်း-ဒေါ်ငွေကြိုင်)တို့၏ သားကြီး၊ (ဦးဖိုးရုံး-ဒေါ်ကျင်တုတ်)တို့၏ သားသမက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မြကန်သာ(၇)လမ်း၊ အမှတ်(၄၄)နေ နော်အားဆက်(အထက်တန်းသူနာပြု-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ စောဆဲသိန်း-နော်စန်းကြည်၊ စောထီးဆက်သိန်း၊ စောမက်ယွား-နော်ထူးပို၊ နော်ဖောထူးသိန်းတို့၏အစ်ကိုကြီး၊ စောဟယ်ရီစန်ရှီးခူ-နော်ချိုချိုလွင်၊ နော်ဖလောရင့်ရှီးစယ်၊ စောရှီးအယ်ကပူ-နော်မေဖောလှ၊ နော်စင်ဒရဲလားရှီးလိုတို့၏ချစ်လှစွာသောမွေးသဖခင်၊ စောခဲဗင်ရှီးခူ၏ အဘိုး စောရှီးရှူသိန်းသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင်နေအိမ်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး အထက်ပိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်ကို ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) ကျန်ရစ်သူမိသားစု

---

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)

### ဦးစိုးသိန်း(ဖျာပုံ)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ရပ်ကွက်၊ အောင်မင်းခေါင်(၁)လမ်း၊ အမှတ်(၇၀/က)နေ ဒေါ်အမာစိန်၏ ခင်ပွန်း၊ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးစိုးသိန်းသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ ပို့ဆောင်ပေးကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

ရဟန်း၊ ကျောင်း ဒါယကာကြီး

### ဦးကျော်ကျော်ရွှေ (စစ်တွေ)

**B.A (ဒဿနိက)**

### အသက်(၆၄) နှစ်

လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၈)လမ်း၊ တိုက်(၄၉)၊ သုံးလွှာ(B)နေ ဦးဝင်းကို၏အစ်ကိုသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅ နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးလှမြင့်

### အသက်(၇၇)နှစ်

**လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း) ပင်စင်ဦးစီးဌာန**

ရန်ကုန်မြို့နေ(ဦးအေးဖေ-ဒေါ်ဝင်းကြည်)တို့၏ သား၊ (ဦးစိုးလှိုင်-ဒေါ်မြင့်မြင့်စော)တို့၏ သားသမက်၊ (ဦးကျင်ဟုတ်)-ဒေါ်မြင့်မြင့်၊ ဦးစိုးညွန့်-ဒေါ်တင်တင်စန်း၊ (ဦးယဉ်ထိုက်)၊ (ဦးရန်နိုင်)-ဒေါ်ရင်ရင်စီ၊ ဦးမောင်မောင်ကြည်-ဒေါ်စန်းစန်းဝင်း၊ ဦးမြတ်ကျော်-ဒေါ်ရီရီလှ၊ (ဦးသန်းဝင်း)၊ (ဦးသစ်လွင်)တို့၏ အစ်ကို၊ မောင်ရန်မျိုးအောင်၊ မောင်ဥက္ကာကျော်၊ မောင်မာန်ပိုင်ဟိန်းတို့၏ ဘကြီး၊ ရန်ကုန်မြို့၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၃)၊ ငါးလွှာနေ ဦးရန်ရှင်းလင်း-မစုစုခိုင် တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ မရှင်းသန့်ခိုင် ၏ အဘိုး၊ ဒေါ်သန်းသန်းစိုး ၏ ချစ်လှစွာသော ခင်ပွန်း ဦးလှမြင့်သည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ကျိုက္ကဆံလမ်းနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသူရဗလ

### အသက် (၇၀)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၁)လမ်းတောင်၊ အမှတ်(၃၂၈)နေ [ဗိုလ်မှူးဗလ(ရဲဘော်သုံးကျိပ်)-ဒေါ်ခင်ခင်ပြုံး]တို့၏သား၊ ဦးတင်စိုး-ဒေါ်ခင်ဥမ္မာ၊ ဦးအောင်ဖုန်း-ဒေါ်ခင်စစ်အေးတို့၏မောင်၊ (ဦးသီဟဗလ)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသုခဗလ-ဒေါ်ခင်စောတင့်၊ ဦးသုတဗလ-ဒေါ်ညိုညိုဝင်းတို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက်တို့၏ဘကြီးသည် ၂၀-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၃ နာရီတွင် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်အေးနု(ခ)မွှေးနီ

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောမြောက်ရပ်ကွက်နေ ဦးအေးမောင်-(ဒေါ်ယဉ်နု)တို့၏သမီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၅)နေ (ဦးလှစော)-ဒေါ်တင်ရွှေတို့၏သမီးချွေးမ၊ (ဦးသောင်းဦး)-ဒေါ်ခင်လှမော်၊ ဦးမြင့်အေး-ဒေါ်သန်းဝင်း၊ ဒေါ်ငွေအောင်ကြည်၊ ဦးကြည်ဝင်း-ဒေါ်လှလှသန်း၊ ဒေါ်လှလှဝင်း၊ ဦးညွန့်ဆွေ-ဒေါ်ခင်မေဦးတို့၏ညီမ၊ ဦးစိုးမိုး၏ ချစ်လှစွာသောဇနီး၊ မထက်ထက်စိုးမိုး၊ မောင်ထက်ဝဏ္ဏစိုးတို့၏မွေးသမိခင်သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇း၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ်(၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက်(၇၄)နှစ်

**DSA 8th Intake**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေးရီ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသိန်းဆွေ (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ညိုညိုညိမ်းဝင်း၊ ဒေါ်တင်ဆုဝင်း၊ ဦးအောင်စည်သူ-ဒေါ်ချယ်ရီလှိုင်၊ဦးဇာနည်ဝင်းမြင့်-ဒေါ်ဖွေးအိဖြူ တို့၏ ဖခင်၊ မသက်ထားစည်သူ၊မောင်စစ်သွေးအောင်၊မယွန်းသဥ္ဇာနည်၊မပြုံးမြတ်စည်သူ၊ မောင်ဟိန်းစည်သူ၊ မောင်လမင်းဟိန်း၊ မောင်သော်ဇင်ခန့်၊ မောင်ဟိန်းထက်အောင်တို့၏ အဘိုး၊ အမှတ်(၂၃/၃၉၄)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက်(၇၄)နှစ်

**DSA 8th Intake**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေးရီ)တို့၏သား၊ (ဦးအေးမောင်-ဒေါ်သန်းခင်)တို့၏ သားသမက်၊ (ဦးအေးမြင့်-ဒေါ်ခင်မလေး)၊ (ဗိုလ်မှူးအတာ)-ဒေါ်နန်းမြလေး၊ (ဦးဝင်းမြင့်-ဒေါ်ချိုချို)၊ ဦးသိန်းကြည်-(ဒေါ်ရင်ရင်မြင့်)တို့၏ ညီ/မောင်၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဝင်း၊ (ဒေါက်တာကြည်သိန်း)-ဒေါ်ယုယုအေး၊ (ဦးထိန်ဝင်း)-ဒေါ်အေးအေးငွေး၊ (ဦးဝေလင်း)တို့၏ အစ်ကို၊ အမှတ်(၂၃/၃၉၄)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူဆွေမျိုးများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက်(၇၄)နှစ်

**DSA 8th Intake**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေးရီ)တို့၏ သား၊(ဒုတိယဗိုလ်မှူးကြီးခင်မောင်ညွန့်)-ဒေါ်ရီရီညွန့် တို့၏ ညီ/မောင်၊ (ဦးသန်းဝင်း)၊ (ဒုတိယရဲအုပ်သန်းထွဋ်)-ဒေါ်ဝင်းဝင်းမြင့်၊ (ဒေါ်မြင့်မြင့်တိုး)၊ (ဦးရဲလှ)-ဒေါ်တင်တင်လေး၊ ဦးမောင်မောင်အေး၊ မိုးကုတ်မြို့နေ ဦးမြင့်ထွေး-ဒေါ်စုစုလှိုင် တို့၏ အစ်ကို၊ အမှတ်(၂၃/၃၉၄)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူဆွေမျိုးများ

---

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)

ဂုဏ်ထူးဆောင်နာယက

### ဗိုလ်ချုပ် ဖေယျကျော်ထင် ဝင်းမြင့်(ငြိမ်း)

### အသက်(၇၄)နှစ်

**DSA 8th Intake**

ပဲခူးမြို့နေ (ဦးအောင်ရွှေ-ဒေါ်အေး ရီ)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၂၃/၃၉၄)နေ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်နီနီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ် ဖေယျကျော်ထင်ဝင်းမြင့်(ငြိမ်း)သည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက်၈း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍အသင်းသား/အသင်းသူများ လိုက်ပါပို့ဆောင်ကြပါရန်အသိပေး အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

### ဦးကျော်သိန်း (၆၈)နှစ်

**ကျောက်တော်မြို့ အကောက်ခွန်မှူး(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၄၁)နေ (ဦးနီထွန်း-ဒေါ်စံသာဦး)တို့၏ သား၊ ဒေါ်နွယ်နွယ်၏ ခင်ပွန်း၊ ကိုအောင်ကျော်ဦး-မနွေးနွေးကျော်မိုး၊ မခင်သန္တာကျော်၊ မခင်နွယ်နွယ်ကျော်၊ မခင်စန္ဒာကျော်တို့၏ ဖခင်၊ မောင်ကျော်ဇေရတု၏ အဘိုးသည် ၂၁-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅း၁၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးခင်မောင်စိုး

**ကျောက်ဖြူပညာရေးကောလိပ်**

### အသက် (၅၅) နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အရာရှိရပ်ကွက်၊ ငလပွေ့လမ်းဟောင်း၊ အမှတ် (၂၄၆)နေ (ဦးဘရင်-ဒေါ်သိန်းလှိုင်) တို့၏သား၊ ဦးဘသိန်းရင်၊ ဒေါ်ခင်သိန်းရီ၊ဒေါ်ခင်မေရီ၊ ဦးခင်မောင်ကြည်တို့၏ညီ/မောင်၊ ဒေါ်ခင်ထားရီ၊ ဦးဇော်ဇော်အောင်- ဒေါ်ခင်ထွေးရီတို့၏အစ်ကို၊ ဦးခင်မောင်စိုး (စာကြည့်တိုက်လက်ထောက်-၂၊ ကျောက်ဖြူပညာရေးကောလိပ်)သည် ၂၁-၆-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (တိုက်-၅၊ အခန်း-၁၆၊ တော်ဝင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ ၄၁ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီနှင့် သဃ်န်းကျွန်းစံပြဆေးရုံအအေးတိုက်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု

---

### ဒေါက်တာလှကျော် @ Walter Hla Kyaw

### အသက် (၆၉) နှစ်

ရန်ကုန်မြို့နေ (သခင်အောင်ဖေ-ဒေါ်တင်တင်)တို့၏ဒုတိယသား၊ Miss Jung Song ၏ခင်ပွန်း၊ ဒေါက်တာလှမင်း၏ညီ၊ (ဦးအေးကျော်)၊ ဒေါ်နီလာအောင်၊ ဒေါ်ကြည်ကြည်အေး၊ ဦးကျော်ကြီး၊ ဒေါ်သီတာ၊ ဒေါ်အေးအေးကြွယ်၊ ဒေါ်မိငွေးတို့၏အစ်ကို U.S.A, Maryland နေ ဒေါက်တာလှကျော်သည် ဒေသစံတော်ချိန် နံနက် ၂ နာရီတွင်ကွယ်လွန်သွားပါသဖြင့် U.S.A, Maryland ၌ ၂၄-၆-၂၀၁၈ (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော်　ဇွန်　၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးကာလ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းနှစ်ခု မှတ်တမ်းတင်ခြင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ အခွန်အယူခံခုံအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Eriksen Søreide တွေ့ဆုံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၁၆)ကြိမ်မြောက် အော်စလိုဖိုရမ်တက်ရောက်

**နေပြည်တော်　ဇွန်　၂၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နော်ဝေနိုင်ငံတွင် ကျင်းပသည့် (၁၆)ကြိမ်မြောက် အော်စလိုဖိုရမ်သို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါဖိုရမ်သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ဆိုမာလီဝန်ကြီးချုပ်၊ ဥရောပလုံခြုံရေးနှင့် ပူးတွဲဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူးချုပ်၊ ကုလသမဂ္ဂနိုင်ငံရေးဌာန လက်ထောက်အတွင်းရေးမှူးချုပ်၊ အယ်လ်ဂျီးရီးယား၊ ဂျော်ဒန်၊ အိုမန်နှင့် တန်ဇန်းနီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလမ်းကြောင်း" စကားဝိုင်းဆွေးနွေးပွဲတွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အော်စလိုတွင် ရောက်ရှိနေစဉ် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Ms. Eriksen Søreide၊ နိုင်ငံတကာဖွံ့ဖြိုးရေးဝန်ကြီး H.E. Mr. Nikolai Astrup တို့နှင့် **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❍**

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၄၁ တွဲကို ယူရိုငွေ ၂၅၉၈၂၃၉ ဖြင့် ရောင်းချနိုင်

**နေပြည်တော်　ဇွန်　၂၁**

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၃၄၁ တွဲကို ယူရိုငွေ ၂၅၉၈၂၃၉ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

အခြေခံဈေးယူရိုငွေ ၅၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ပုလဲအတွဲပေါင်း ၃၆၀ ကို ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ယခုပြပွဲတွင် အမြင့်ဆုံးဈေးရရှိခဲ့သည့် ပုလဲအတွဲ၏တန်ဖိုးမှာ ယူရိုငွေ ၃၂၉၉၉ ဖြစ်ပြီး အနည်းဆုံးဈေးရရှိခဲ့သည့် ပုလဲအတွဲ၏တန်ဖိုးမှာ ယူရိုငွေ ၇၈၈ ဖြစ်ကြောင်း သိရသည်။

**ကုန်သည်အသစ်တွေတိုးလာ**

ပုလဲလုပ်ငန်းကော်မတီအတွင်းရေးမှူး လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မြမြဝင်းက "မြန်မာနိုင်ငံကနေထွက်ရှိတဲ့ ပုလဲတွေဟာ တနင်္သာရီတိုင်းဒေသကြီး ပုလဲမွေးမြူရေးစခန်းတွေက ထွက်ရှိတာ ဖြစ်ပါတယ်၊ အမြင့်ဆုံးဈေးရရှိခဲ့တဲ့ ပုလဲအတွဲဟာ ပုလဲအလုံးရေ ၅၂၄ လုံး (အလေးချိန် ၄၃၃ ဒသမ ၈၅ မိုမီ)ရှိပါတယ်၊ တန်ဖိုးအနည်းဆုံးအတွဲကတော့ ပုလဲအလုံးရေ ၆၇ လုံး (အလေးချိန် ၃၀ ဒသမ ၃၀ မိုမီ) ရှိပါတယ်၊ မြန်မာ့ပုလဲကို နှစ်စဉ် ဟောင်ကောင်မှာ သွားရောက်ရောင်းချတာ ခြောက်ကြိမ်ရှိပါပြီ၊ မြန်မာ့ပုလဲအရည်အသွေးကို နိုင်ငံအနှံ့အပြားက ကုန်သည်အများစုက ကြိုက်နှစ်သက်ပြီးတော့ အခုအချိန် ဟောင်ကောင်မှာဆိုရင် မြန်မာ့ပုလဲဈေးကွက်တစ်ခုကို ခိုင်ခိုင်မာမာရရှိပြီးဖြစ်ပါတယ်၊ ဒီပွဲမှာလည်း ထူးခြားတာက တရုတ်ကုန်သည်အသစ်တွေ တိုးလာတာ တွေ့ရပါတယ်"ဟု ပြောသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**



